


mgyoe.com
mgyoe.com

mgyoe.com SAMPLE BOOK



စာရေးသူများ၏ စိတ်ဆန္ဒအလျောက်
ရသမြောက်အောင် လွတ်လွတ်လပ်လပ် ဖန်တီးရေးဖွဲ့ထားသည့်
တိုင်းရင်းသားဒေသနောက်ခံ မြန်မာဝတ္ထုများက လက်ချိုးရေရအောင် ရှားပါးပါသည်။
နောင်လူငယ်တွေအတွက်ဆို ခေတ်အလိုအရ ပိုပြီး ရင်းနှီးနွေးထွေးလာရမည့်
ကိုယ့်တိုင်းရင်းသားတွေအကြောင်း
တထောင့်တနေရာက ပုံဖော်လာသည့် လွှန်းလေနောင်း ကို
ဒီစိတ်တခုနှင့် ကျေးဇူးတင်ရပါသည်။
- ဆေးဆေး၏ အမှာစာမှ -

လွှန်းလေနောင်း၊ ဇော်ဦးယွာ၊ 6000/-
7 447268 267067

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၂ ခုနှစ်။
လွန်းလေနောင်း - ဇေဦးယျာ
မျက်နှာဖုံးပန်းချီ - ဖြင့်မောင်ကျော်
အုပ်ရေ - ၇၀၀

ထုတ်ဝေသူ - ဦးမင်းထိုက်တန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄)။ အတွင်းအပြင် အဆင်နှင့် စာစစ် - ဇလပ်နီ။ ပုံနှိပ်သူ-ပုံရိပ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆)၊ အမှတ်(၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုစွန်တောင်။ စာအုပ်ချုပ် - ဗူးပွင့်မွှေး။

ဖြန့်ချိရေး - ဇလပ်နီစာပေ
၀၉၄၄၇၂၆၈၂၆၇ ၊ ၀၉၈၀၉၉၆၄၀၆၆၈

ရောင်းဈေး - ၆၀၀၀ ကျပ်

၈၀၈.၈၄
ဇေဦးယျာ
လွန်းလေနောင်း၊ ဇေဦးယျာ၊ - ရန်ကုန်။
ဇလပ်နီစာပေတိုက်၊ ၂၀၂၂။
စာ-၁၈၉ ၊ ၁၃.၉ × ၂၀.၇ စင်တီ
(၁) လွန်းလေနောင်း


mgyoe.com

mgyoe.com SAMPLE BOOK

## လွန်းလေနောင်းသို့ စကားလိပ်ပြာ

ဆေးဆေး

လွန်းလေနောင်း...။

ကျွန်မအတွက် စာတစ်ပုဒ် ဆုံးအောင် ဝင်စားဖို့ ခဲယဉ်းလှသည့် ၂၀၂၁ ခုနှစ်ထဲမှာ မှတ်မှတ်ရရ စိတ်ဝင်တစား ဖတ်မိစေသော လွန်းလေနောင်း...။

ဒုတိယ အလုပ်က ပထမနေရာ ရောက်လာခဲ့ပါပြီဟု သူ့ပင်ကိုစိတ်အတိုင်း ကြုံနေရသမျှကို ပေါ့ပေါ့ပါးပါး ဆိုတတ်လေသူ ဆရာဝန် စာရေးဆရာ ဖေဦးယျာ၏ ဒုတိယမြောက်လက်ရာ လွန်းလေနောင်း...။

ဆရာဖေဦးယျာက ဝတ္ထုတို အရေးကောင်းသူမို့ ကလောင်နာမည် ကြားသည်နှင့် စာဖတ်သူတွေ တွဲမှတ်မိစေသည့် ဝတ္ထုတိုများစွာ ရေးဖွဲ့ထားသူပါ။ ကျွန်မအတွက်လည်း ဆရာဖေဦးယျာ ဆိုသည်နှင့် တွဲလျက် စိတ်ထဲ လင်းခနဲ ဖြစ်ရသည့် ဝတ္ထုတိုတစ်ပုဒ် ရှိပါသည်။

'တောင်ခါးပန်းဆီက ပဲ့တင်သံရယ်တဲ့ ခပ်ချိုချို'။

သူ့လက်ရာ စာကောင်းတွေ အများကြီးထဲက နာဂဒေသရောက် ဆရာဝန်လေး တစ်ဦး၏ ငိုအားထက် ရယ်အားသန် ဖြစ်ခဲ့ရသည့် ဒီစာမူလေးကို ကျွန်မ ဘာကြောင့်များ စိတ်စွဲရပါလိမ့်။

နှစ်များစွာ စာရေးစာဖတ် ဝါသနာစူးနှစ်မှု၏ အနှစ်သာရ အနေနှင့် သည်



mgyoe.com

mgyoe.com SAMPLE BOOK

ဘက်နှစ်ပိုင်းများမှာ စာတွေက တစ်ဆင့် ရေးသူ့စိတ်နှလုံး ကြည်လင်မှုကို ခံစားရ တိုင်း ဖတ်သူ ကျွန်မက နှစ်လိုစိတ်စွဲ ဖြစ်ရခြင်းသာ။

မြန်မာပြည် အနောက်မြောက်ရပ် စစ်ကိုင်းတိုင်း အထက်ပိုင်းမှာ တာဝန် ထမ်းဆောင်ရင်း ဖွံ့ဖြိုးမှု နောက်ကျသော တိုင်းရင်းသားဒေသတွေထဲ လှည့်လည် ခဲ့ဖူးသော ဆရာဇေဦးယျာဆီက နောက်ထပ် ဒေသန္တရနောက်ခံ ဒီလိုစာမျိုးတွေ ထပ်ဖတ်ချင်စိတ်လည်း ဖြစ်ခဲ့သည်။ ယခု 'လွှန်းလေနောင်း' ကို ကျွန်မ ဖတ်ရပါပြီ။ မှိုင်းပြာရီသည့် နာဂတောင်တန်းထက်က ချစ်စရာ ဆွမ္မရာမြို့လေးနှင့် လွမ်းစရာ ရွာကလေး လွှန်းလေနောင်းကို ရောက်ရပါပြီ။ ကိုယ်တိုင် ချစ်ခင်ရင်းစွဲ ဖြစ်ရသည့် တောင်ပေါ်ဒေသ နောက်ခံနှင့် အလှမ်းဝေးသော စိတ်ဝင်စားဖွယ် ဝတ္ထုဇာတ်ကြောင်း ကြောင့် 'လွှန်းလေနောင်း' သည် စ၊ လယ်၊ ဆုံး ကျွန်မကို တစ်ပါတည်း ဆွဲခေါ်သွား နိုင်ခဲ့သည်။

'လွှန်းလေနောင်း' မှာ ကျွန်မ တစ်ကိုယ်စာ ထူးရသည့် တစ်ချက်က ရသ ဝတ္ထုများ၏ သုတကဲမှုအပေါ် အမြင်ပင်။ အချက်အလက် အခြေခံသည့် သုတကဲ သော ဝတ္ထုစာမူများကို ဇာတ်လမ်းဆင်မှု အားနည်းချက်အဖြစ် စာဖတ်ရ ထောက် သည်ဟု စိတ်နှောင့်တတ်ပေမယ့် 'လွှန်းလေနောင်း' မှာတော့ ဇာတ်ကြောင်းတိုက်ရင်း တစ်ပါတည်း ဖော်ပြသွားသည့် ဒေသန္တရ အချက်အလက်များ၊ ဇာတ်ဆောင် ဒေါက်တာမင်းထက်နှင့် ဒေသခံဖြစ်သူ တပည့်ကျော် ဘွေရှီး၏ အမေးအဖြေ စကား ပြောများကို စိတ်အနှောင့်အယှက် ဖြစ်မနေဘဲ စိတ်ဝင်တစား ဖတ်မိရက် ဖြစ်ခဲ့သည်။ စာဖတ်ပြီးချိန် ဒါကို ကျွန်မ ယှဉ်စဉ်းစားမိတော့ ဖတ်သူ၏ စိတ်လိုအင်ကို မြင်ရသည်။ မြန်မာစာပေသမိုင်းမှာ စာရေးသူများ၏ စိတ်ဆန္ဒအလျောက် ရသမြောက်အောင် လွတ်လွတ်လပ်လပ် ဖန်တီးရေးဖွဲ့ထားသည့် တိုင်းရင်းသားဒေသနောက်ခံ မြန်မာ ဝတ္ထုများက လက်ချိုးရေရအောင် ရှားပါးပါသည်။ နောင် လူငယ်တွေ အတွက်ဆို ခေတ်အလိုအရ ပိုပြီး ရင်းနှီးနွေးထွေးလာရမည့် ကိုယ့်တိုင်းရင်းသားတွေအကြောင်း တစ်ထောင့်တစ်နေရာက ပုံဖော်လာသည့် 'လွှန်းလေနောင်း' ကို ဒီစိတ်တစ်ခုနှင့် ကျေးဇူးတင်ရပါသည်။

တစ်ချိန်ချိန်မှာ ခရီးသွားဟန်လွှဲ မဟုတ်ဘဲ ကိုယ့်တိုင်းသား ပြည်နယ် သူတွေ၏ နယ်စွန်ဒေသများမှာ နေထိုင်ရင်း သူတို့ဘဝ၊ သူတို့အကြောင်း စာထက် အက္ခရာ တင်ချင်သည့် မပြည့်နိုင်သေးသော ကျွန်မ အိပ်မက်ကို 'လွှန်းလေနောင်း' မှာ ဆက်မက်ခွင့် ရခဲ့သည့်အတွက်လည်း ဖန်တီးထုဆစ်သူ ဆရာဇေဦးယျာကို



mgyoe.com

mgyoe.com SAMPLE BOOK

ကျေးဇူးတင်မိပါသည်။

သူ့စာတွေမှာ ရေးသူ့စိတ်နှလုံး ကြည်စင်မှုကို မြင်ရတတ်သည့်၊ စာနှင့်လူ ထပ်တူကျ ဖန်တီး ရေးဖွဲ့တတ်လေသူ ဆရာဇော်ဦးယျာထံမှ နောက်ထပ် နောက်ထပ် သော ရသလက်ရာကောင်းများကိုလည်း မျှော်လင့်မိပါသည်။ ။

ဆေးဆော

၂၉၊ နို ဝင်ဘာ၊ ၂၀၂၁



mgyoe.com

mgyoe.com 



mgyoe.com

mgyoe.com SAMPLE BOOK

# အဖွင့်

မိုးက ငြိုးမာန် ကြီးစွာဖြင့် ဒေါသတကြီး ရွာချနေသည်။ လောကတစ်ခွင်သည် မှောင်နှင့်မည်းမည်း။ တောင်စောင်းတစ်လျှောက် စီးကျလာသော တောင်ကျရေတို့သည် တဝေါဝေါ မြည်သံပေးလျက်။

မိုးသံလေသံတွေကြားမှာ တစ်ချက်တစ်ချက် ထွက်ပေါ်လာသော အမျိုးသမီးတစ်ယောက်၏ နာနာကျင်ကျင် အော်ဟစ်လိုက်သည့် အသံက စူးစူးဝါးဝါး။

တောင်ယာတဲ တစ်လုံး။

တောင်ကမူ တစ်ခုပေါ်မှာ ထီးတည်းရှိနေသော ထိုတောင်ယာတဲ အတွင်းမှာတော့ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး။ မျက်နှာနှင့် လည်ပင်းတို့မှာ ချွေးစက်လက် ဖြစ်နေသော အမျိုးသမီးသည် ကြမ်းစင်ထက်မှာ အော်ဟစ်ညည်းညူနေလျက်။ အမျိုးသား ဖြစ်သူကတော့ အရှိန်ညီးညီး တောက်လောင်နေသော မီးဖိုတစ်ခုဘေးမှာ။ ညှင်းလွှကိုင်း တစ်ခုကို ဓါးတစ်ချောင်းဖြင့် နှီးသပ်နေသော အမျိုးသား၏ မျက်ဝန်းတွေက တစ်စုံတစ်ရာကို စိုးရိမ်ပူပန်နေသည့်အလား။ တစ်ချက်တစ်ချက် တဲအပြင်သို့ မျှော်ကြည့်လိုက်သော အကြည့်တွေမှာ သောကရိပ်တွေ စွန်းထင်းနေသယောင်။

မိုးက တိတ်နိုင်ပါဦးမည်လော။

* * *



mgyoe.com

mgyoe.com SAMPLE BOOK



ဇလပ်နှိတပေ

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁ )

"ဆရာမင်းထက်၊ ဆေးရုံအုပ်ကြီးရုံးခန်းက ဖုန်းဆက်တယ်။ ခွဲခန်းပြီးရင် အုပ်ကြီးက သူနဲ့ လာတွေ့ပါဦးတဲ့"

အကြီးစား ခွဲစိတ်မှု တစ်ခုမှာ ပထမအကူအဖြစ် တာဝန်ယူနေရင်းမှ ခွဲခန်းတာဝန်ကျ သူနာပြု ဆရာမကြီး၏ စကားကြောင့် ကျွန်တော် စိတ်ရှုပ်သွားသည်။

သည်နေ့က အရိုးဆောင် လူနာတွေကို ခွဲစိတ်သည့်ရက်။ အရိုးလူနာတွေကို ခွဲစိတ်ရသည်က ကေ့စ် (case) ခက်လျှင် ခက်သလောက် အားနှင့်အင်နှင့် လုပ်ရသည့် ခွဲစိတ်မှုမျိုး။ ယနေ့ ခွဲစိတ်ရန် တင်ထားသည့် လူနာစာရင်းက အခါတိုင်းထက် ပိုများနေသဖြင့် အချိန်မီ ပြီးနိုင်ကြရေးအတွက် အင်တိုက်အားတိုက် အလုပ် လုပ်နေရသည့် အချိန်။ ယခု ခွဲစိတ်နေသည့် ကေ့စ်ကလည်း နည်းနည်း ခက်နေခဲ့သဖြင့် ဆရာကြီးရော၊ ကျွန်တော်ပါ ချွေးပြိုက်ပြိုက်ကျ ပင်ပန်းနေကြပြီ။ နောက်ထပ် ခွဲရမည့် Major case (အကြီးစား ခွဲစိတ်မှု) တွေက သိပ်မကျန်တော့ပေမယ့် Minor case (အသေးစား ခွဲစိတ်မှု) တွေက အများကြီး ကျန်နေသေးသည်။ သည်လိုအချိန်မျိုးမှာ ရုံးခန်းမှ ခေါ်သည် ဟူသော စကားကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရသည်ကတော့ အမှန်ပင်။

"ဘာအကြောင်းတဲ့လဲ မာမီ"



mgyoe.com

mgyoe.com SAMPLE BOOK
"အဲဒါတော့ မမေးလိုက်မိဘူး ဆရာရဲ့။ ဆရာ့ကို ကော်ဖီတိုက်မလို့ နေမှာပေါ့"

မာမီက အရွှန်းဖောက်လိုက်သည်လား၊ တကယ် ပြောလေသည်လား မသိပေမယ့် ကျွန်တော် စိတ်မောသွားရသည်။ 'ကော်ဖီ တိုက်မလို့' ဆိုသော အသုံးအနှုန်းက တစ်ခုခု ခိုင်းတော့မည် ဆိုသည်ကို ရည်ညွှန်းပြီး ပြောခြင်းဖြစ်သည်။ ဤအသုံးအနှုန်းက ကျွန်တော်တို့ ဆေးရုံအသိုင်းအဝိုင်းမှ လူအချင်းချင်းသာလျှင် နားလည်နိုင်သည့် အသုံးအနှုန်း။ ကိုယ်က အကူအညီ လိုအပ်၍ သွားသည့်အခါတိုင်းတွင် အလွန်တရာ မျက်နှာထား တည်တည်နှင့် အပေါ်စီးမှ ဆက်ဆံတတ်သလောက်၊ ခိုင်းစရာအကြောင်း တစ်စုံတစ်ရာ ရှိလာခဲ့လျှင်တော့ ကော်ဖီတစ်ခွက်နှင့် ခရီးဦးကြိုပြုတတ်သော ဆေးရုံအုပ်ကြီး ဦးမြသွင်ကို အကြောင်းပြု၍ ပေါ်ပေါက်လာခဲ့သော ဗန်းစကား တစ်ခုသာ။ ရုံးခန်းက ကော်ဖီသောက် ဖိတ်သည်ဆိုလျှင် အလုပ်တစ်ခုခု ခိုင်းရန် ခေါ်သည်ဟု အလိုလို နားလည် သဘောပေါက်ကြပြီး ဖြစ်လေသည်။

"ကျွန်မလည်း ခွဲခန်းက ရေတင်တဲ့မော်တာ ပျက်နေလို့ ပြင်ပေးဖို့ အကြောင်းကြားတာကို လူကိုယ်တိုင် စာနဲ့ လာတင်ပါတဲ့။ ဒီလိုမှန်းသိ ကိုယ့်ဘာသာ စိုက်ပြီး ပြင်လိုက်ပါတယ် ဆရာရယ်။ ကျွန်မကလည်း ကျွန်မပဲ။ မေ့ပြီး ကျားဖင် သွားနှိုက်မိတာ"

မကျေမချမ်း ပြောလာသော မာမီ၏ နောက်ဆက်တွဲ စကားကြောင့် ကျွန်တော် ရယ်မိသည်။ ဆေးရုံအုပ်ကြီးနှင့် ဆက်ဆံရသည်က ကျားဖင် ပြေးနှိုက်ရသည်နှင့် ထူးမခြားနားမို့ ဦးမြသွင်ကို နာမည်ပြောင် ပေးထားကြသည်။ ဦးကြင်ဖားတဲ့။

"Muscle (ကြွက်သား) လည်း ပိတ်ပြီးပြီဆိုတော့ မင်း သွားလိုက်လေ။ တော်ကြာ ရုံးဆင်းချိန်နဲ့ တိုးနေဦးမယ်။ ကျန်တာကို ဒီဆရာနဲ့ ဆက်ချုပ်လိုက်မယ်။ သူ့လည်း သင်ပေးရင်းနဲ့။ တစ်ခုခုဆို ပြေပြေလည်လည် ပြောခဲ့ဦး။ မင်းက စိတ်ဆတ်ပါဘိသနဲ့"

အကြောင်းသိတွေမို့ ဆရာကြီးက ကျွန်တော့်ကို သေသေချာချာ မှာသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ဆေးရုံအုပ်ကြီးနှင့် ကျွန်တော်က သိပ်တော့ အစေးမကပ်လှ။ အကြီးအကျယ် မဟုတ်ပေမယ့် နှစ်ခါသုံးခါခန့် စကား ကတောက်ကဆ ဖြစ်ဖူးသည်။

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အဲဒါဆို အစ်ကို မြန်မြန်သွားတော့။ မဟုတ်ရင် ကျွန်တော် မချုပ်လိုက်ရဘဲ


mgyoe.com

mgyoe.com SAMPLE BOOK

နေလိမ့်မယ်"

အလုပ်သင်ညီလေး စကားကြောင့် ကျွန်တော် ရယ်မိသည်။ အရေပြား ချုပ်တာကို ဆရာကြီးကိုယ်တိုင် သင်ပေးမည် ဆိုတော့ တက်ကြွနေဟန်။

"အေးပါကွာ။ ထွက်ပါ့မယ်ဗျ။ အဲဒါဆို ကျွန်တော် ထွက်ပြီနော် ဆရာကြီး"

ဆရာကြီးဆီမှ ခွင့်ပြုချက်ရလျှင် ကျွန်တော် လက်အိတ် ချွတ်လိုက်သည်။ နာရီကို မော့ကြည့်မိတော့ တစ်နာရီခွဲတော့မည်။ ထမင်းစားပြီးမှ သွားတော့မည် စိတ်ကူးသည်။ မဟုတ်လည်း ဆေးရုံအုပ်ကြီးက ထမင်းစား ပြန်ချိန်မို့ သူ့ရုံးခန်းမှာ ရှိဦးမည် မထင်။

*

ပလုတ်က တွဲတွဲ၊ မျက်စိပေါက်က ကျဉ်းကျဉ်း။ နှာယောင်က ပွပွ။ ခပ် အစ်အစ် လည်ပင်းက ပခုံးနှစ်ဖက်ကြား နစ်ဝင်တော့မည်နှယ်။ အထိုင်များသော ကြောင့် အဆီအစ်နေသည့် ခန္ဓာကိုယ်က သူ ထိုင်နေသော ထိုင်ခုံနှင့်ပင် သိပ်မဆန့် ချင်။ မျက်မှန်အောက်ကနေ ပင့်ကြည့်တတ်သော မျက်လုံးတို့က တစ်ပါးသူ အပေါ်မှာ အချိန်မရွေး ကောက်ကျစ်တော့မည့်ပုံမျိုး။ ငယ်စဉ်က ကြည့်ခဲ့ရသော စွန်းပွင့်ခုန်း ဇာတ်ကားထဲမှ ဇာတ်ကောင် ပါကျဲ့ကိုတောင် သတိရသွားမိသည်။ ပါကျဲ့က အင် မတန် အသည့်အမျိုး ဆိုပေမယ့် ဆေးရုံအုပ်ကြီး ဦးမြသွင်ကတော့ သူမတူအောင် လည်သည့် တစ်ဘို့တည်းသမား။ အထူးသဖြင့် လက်အောက်ငယ်သားတွေအပေါ် ခေါင်းပုံဖြတ်သည့် နေရာမှာ နာမည်ကြီးသည်။ အလုပ်သမားမှ အစ ဆရာဝန်၊ ဆရာ မတွေ ဝပ်ဒ်အရွှေ့အပြောင်း လုပ်သည့်ကိစ္စတွေ၊ ခွင့်ယူသည့် ကိစ္စတွေမှာ တံစိုး လက်ဆောင် မပါလျှင် လွယ်လွယ်နှင့် မရတတ်။ အကြောင်းတစ်ခုခု ပြပြီး ရစ်နေ တတ်သည်က မပြီးနိုင်၊ မစီးနိုင်။ ကျန်းမာရေးအတွက် အရေးပေါ် ခွင့်တင်သည့်ကိစ္စ မျိုးမှာတောင် လက်ဗလာနှင့် ပြော၍ မရလေသူ။

"ကော်ဖီသောက်ပါဦး ဆရာ"

ရုံးခန်းစာရေးမက ကော်ဖီတစ်ခွက် လာချပေးသည်ကို မြင်လျှင် ကျွန်တော့် ခေါင်းထဲမှာ အချက်ပေး ခေါင်းလောင်းသံတွေ မြည်လာသည်။ ခွဲခန်းတုန်းက မာမီ ပြောလိုက်သည့် စကားက မှန်တော့မည် ထင်သည်။ အကြောင်းမဲ့ တိုက်သည့်


mgyoe.com

mgyoe.com SAMPLE BOOK

ကော်ဖီတော့ မဟုတ်တန်ရာ။ ဆေးရုံအုပ်ကြီးက တစ်ပြားကို နှစ်ပြားမှတ်ပြီး ခွာတတ်သည့်လူမျိုး။ အကြောင်း မရှိလျှင် တစ်ကျပ်တစ်ပြားတောင် ငွေကုန်မခံတတ် ဟူသော ဦးကပ်စေး ရာထူးကိုလည်း အပိုင်စား ရထားသေးသည်။

"ဘာကိစ္စ ရှိလို့လဲ ဆရာကြီး"

ကျွန်တော့်မေးခွန်းကို ကြားတော့မှ ငိုက်မျဉ်းနေသော မျက်လုံးတို့က ပြန်ပွင့်လာသည်။

"တခြားတော့ မဟုတ်ပါဘူး။ ယာယီတာဝန် သွားဖို့ အကြောင်းလေး ပေါ်လာလို့ ဆရာရေ့။ လေးရှီးဆေးရုံက လောလောဆယ် ဆရာဝန် လစ်လပ် ဖြစ်နေတယ်။ TMO (မြို့နယ်ဆရာဝန်) လေးက အလုပ်ထွက်သွားလို့တဲ့။ နောက်တစ်ယောက်က တော်တော်နဲ့ မရောက်လာတော့ တိုင်းကို တင်ပြကြတယ် ထင်ပါရဲ့ ဆရာရယ်။ အဲဒါ ကျွန်တော်တို့ ဆေးရုံက ယာယီလွှတ်ပေးဖို့ တိုင်းရုံးက စာထွက်လာလို့"

ဆေးရုံအုပ်ကြီး ကမ်းပေးလာသော တိုင်းရုံးညွှန်ကြားစာကို ဖတ်ကြည့်နေရင်းမှ ကျွန်တော့်စိတ်က ဇဝေဇဝါ။ ၁၅-၉-၂၀၁၃ ရက်စွဲနှင့်မို့ လွန်ခဲ့သော သုံးရက်ကမှ ထုတ်ထားသောစာ။ ဆရာဝန်တစ်ဦး စေလွှတ်ပေးနိုင်ရေးအတွက် ဆိုပေမယ့် ဘယ်သူဘယ်ဝါရယ်ဟု အတိအကျ မပါ။

ဤဆေးရုံသို့ အလုပ်စဝင်သည့် နေ့က ကျွန်တော်တို့ လက်ထောက် ဆရာဝန် အားလုံး နှစ်ကြိမ်စီ မဲနှိုက်ကြရသည်။ ပထမတစ်ကြိမ်က မိမိ တာဝန် ထမ်းဆောင်ရမည့် ဝပ်ဒ်အတွက် အားလုံး နှိုက်ရသည့်မဲ။ နောက်တစ်မဲကတော့ ဝေးလံခက်ခဲဒေသက ဆေးရုံတွေမှာ ဆရာဝန် လစ်လပ်သွားသည့် အခါမျိုးတွင် ယာယီတာဝန်အဖြစ်နှင့် အလှည့်ကျ သွားရောက်ရန်အတွက် နှိုက်ရသည့်မဲ။ ဒုတိယ မဲအတွက်တော့ ယောက်ျားလေးတွေ သီးသန့်သာ။ ဝေးလံခက်ခဲဒေသတွေမှာ ဆရာဝန်က အမြဲတစေ လစ်လပ်နေသည်မျိုး မဟုတ်ပေမယ့် လိုအပ်လာသည့်အခါတွင် အဆင်သင့် ဖြစ်စေရန်အတွက် ကြိုကြိုတင်တင် ပြင်ဆင်ထားသည်မျိုး။ ထိုအချိန်က ကျွန်တော် နံပါတ်သုံး ကျခဲ့သည်ကို မှတ်မိနေသေးသည်။ ကျွန်တော်တို့ မဲနှိုက်ထားသည့် စာရင်းတစ်စောင်ကိုလည်း ရုံးလက်ခံအတွက် ပေးထားခဲ့ပြီး ဖြစ်သည်။

"ဆရာ လူမှားနေသလားလို့။ ကျွန်တော်က နံပါတ်တစ် မဟုတ်ဘူး။ နံပါတ်သုံးလေ။ ကျွန်တော့် ရှေ့မှာ နှစ်ယောက် ရှိသေးတယ်"

ကျွန်တော့်စကားကို ကြားလျှင် ဆေးရုံအုပ်ကြီးက ပြုံးသည်။ အပြုံးက


mgyoe.com

မသကာ်းစရာ ကောင်းလှချည့်။

"ကျွန်တော်လည်း ဆရာ့ကို အဲဒါ ပြောမလို့။ နံပါတ်တစ် ပေါက်တဲ့ ဖော်နိုင် ကလေ အရင်လကမှ ဝန်ကြီးချုပ်နောက်ကို Medical cover (ကျန်းမာရေး စောင့်ရှောက်မှု) လိုက်ထားရလို့ သူ မသွားချင်သေးဘူး ငြင်းနေတယ်"

တိုင်းဒေသကြီး ဝန်ကြီးချုပ်က သူ သွားလေရာ ခရီးစဉ်တွေမှာ ကျန်းမာရေး စောင့်ရှောက်မှု ပေးရန်အတွက် ဆရာဝန် တောင်းသည် ဆိုစဉ်က ကျွန်တော်တို့ တစ်တွေ အသည်းအသန် ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသည်။ ဆရာဝန်တစ်ယောက်၏ တာဝန်က သက်ဆိုင်ရာ လုပ်ငန်းခွင်တွင် ရှိရမည် မဟုတ်ပါလား။ သို့ပေမဲ့ ကျွန်တော်တို့ ကန့်ကွက်မှုက မအောင်မြင်ခဲ့။ ဝန်ကြီးချုပ်က တောင်းသည် ဆိုပေမယ့် ဆေးရုံအုပ်ကြီး ကိုယ်တိုင်က အလိုတူ အလိုပါ ဖြစ်နေသည်မို့ ကျွန်တော်တို့ လက်လျှော့ခဲ့ကြရသည်။ ထိုစဉ်က ကျွန်တော်နှင့် ဆေးရုံအုပ်ကြီးတို့ စကား ကတောက်ကဆ ဖြစ်ခဲ့ဖူးသည်။

"အဲဒါက မဆိုင်ဘူးလေ ဆရာကြီး။ Medical cover အတွက် မဲနှိုက်ကြမယ် ဆိုတော့ ဖော်နိုင်က သူ အရင်ဆုံး လိုက်ပါရစေလို့ ခွင့်တောင်းပြီး လိုက်သွားတာမျိုးလေ။ ပြီးတော့ အဲဒီကိစ္စက ယာယီတာဝန်နဲ့ မပတ်သက်ဘူးလို့လည်း အကျေအလည် ပြောထားပြီးသား။ သူလည်း သဘောတူပြီးသား။ သူ့အလှည့် ပြီးတာနဲ့ နောက်ထပ် လိုက်ရမယ့်သူတွေလည်း မဲနှိုက်ထားပြီးသားလေ"

"ဆရာတို့ကိစ္စက ခက်တော့ ခက်တယ်"

လေပြေတော့ ထိုးလာလေပြီ။ ကျွန်တော် ပြောသည်က မမှား။ ဖော်နိုင် ကိုယ်တိုင်က ဝပ်ဒ်ထဲမှာ နေရသည်က ပင်ပန်း၍ ဆိုသော အကြောင်းပြချက်နှင့် Medical cover ကို သူ အရင်ဦးဆုံး လိုက်ပါရစေ ခွင့်တောင်းခဲ့သည် မဟုတ်ပါလား။ သူ့ကို နံပါတ်တစ် ပေးပြီးမှ ကျန်သည့် မဲတွေကို ကျွန်တော်တို့ ဆက်နှိုက်ခဲ့ကြသည်ပင်။ ခက်စရာ အကြောင်းကတော့ ရှိမည် မထင်။ အကယ်၍ ရှိဦးတောင်မှ ကျွန်တော့်ကိစ္စ မဟုတ်။ သူတို့ ကိစ္စသာ။

ကျွန်တော် ဘာမှ ဆက်မပြောမိ။

"ဖော်နိုင်ကလည်း ဝန်ကြီးချုပ်နဲ့ ပြောထားဟန် တူတယ် ဆရာ။ မနေ့က ဝန်ကြီးချုပ်က ကျွန်တော့်ဆီ ဖုန်းဆက်လာတယ်။ ခရီးစဉ် မဟုတ်ပေမယ့် ကျန်းမာရေးအတွက် တစ်ခုခု အကြောင်းရှိရင် ဖော်နိုင့်ပဲ လှမ်းခေါ်နေရတာမို့ လေရှီး သွားဖို့ ကိစ္စကို တခြားတစ်ယောက်နဲ့ အစားထိုးပေးပါတဲ့။ အဲဒါ ကျွန်တော်လည်း ငြင်းရခက်

mgyoe.com SAMPLE BOOK

နေတယ်"

ငြင်းရခက်နေသည်တော့ မဖြစ်တန်ရာ။ မငြင်းရဲတာ မဟုတ်လားဟု မေးလိုက်ချင်မိသည်။ တစ်ခုခု ဆိုလျှင် ကျွန်တော်တို့ ဆရာဝန်တွေဘက်မှ ရပ်တည်ပေးရန်ထက် အထက်လူကြီးကိုသာ သေလောက်အောင် ကြောက်အား ပိုနေတတ်သော ဆေးရုံအုပ်ကြီး အကြောင်းက သိပြီးသားမို့ မမေးဖြစ်တော့။ ဇော်နိုင့်အဖေက မြို့မျက်နှာဖုံးထဲမှာ ပါသလို ဌာနဆိုင်ရာ လူကြီးတွေနှင့်လည်း အကပ်ကောင်းသည်ဟု နာမည်ကြီးနေသူ။ ဝန်ကြီးချုပ်က တောင်းဆို၍ မသွားခိုင်းရဲဘူး ဆိုသည့် သဘောအပြင် တခြားအကြောင်းတွေ ပါမည်၊ မပါမည်ကိုတော့ ကျွန်တော် တပ်အပ် မပြောနိုင်။ တကယ်ဆိုလျှင် သည်ကိစ္စတွေက ကျွန်တော်တို့ အချင်းချင်းကြားမှာ ပြေလည်ထားပြီးသား၊ ပြတ်ခဲ့ပြီးသား။

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး ဆရာကြီး။ ဒါနဲ့ နောက်တစ်ယောက်ကကော။ ကျွန်တော့်ရှေ့မှာ တစ်ယောက်ကျန်သေးတယ်လေ"

ကျွန်တော် မှတ်မိသလောက်ဆို ဇော်နိုင်နှင့် ကျွန်တော့်ကြားမှာ ဝင်းထက်အောင် ရှိနေသေးသည်။

"သူကလည်း ပြီးခဲ့တဲ့ လကမှ စေ့စပ်ထားတာ ဆိုတော့ မင်္ဂလာကိစ္စ စီစဉ်စရာ ရှိသေးလို့ မသွားပါရစေနဲ့ဦး တောင်းပန်နေလို့ ကျွန်တော် အလှည့်ကျော်လိုက်တာ"

အလှည့်ကျော်လိုက်တာ ဆိုသော စကားက အတန်ငယ် ရင့်သီးနေသယောင်။ မခံချင်စိတ်က ထောင်းခနဲ ထလာသည်။ တကယ်ဆို သည်ကိစ္စက အများနှင့် ဆိုင်သောကိစ္စ။ လက်ထောက်ဆရာဝန်တွေ အားလုံးရှေ့မှာ ပြောသင့်သော ကိစ္စမျိုး။ အနည်းဆုံးတော့ ကျွန်တော် သဘောတူ၊ မတူ မေးသင့်သော ကိစ္စမျိုး မဟုတ်ပါလား။ ယခုတော့ သူ့သဘောနှင့်သူ အလှည့်ကျော် ပေးလိုက်သည်... တဲ့။ ကျွန်တော် မကျေနပ်နိုင်။ မနေ့က ဆေးရုံအုပ်ကြီးအိမ်ကို ဝင်းထက်အောင် သွားကန်တော့နေတာ တွေ့ခဲ့သည်ဟု သိမ့် ပြောလာစဉ်က ဘာအတွက်ရယ်ဟု ကျွန်တော် စိတ်မဝင်စားခဲ့။ ယခုတော့ သဘောပေါက်ခဲ့ပြီ။

"ကျွန်တော်ကတော့ သဘောမတူဘူး ဆရာကြီး။ ကျွန်တော့်အလှည့်ရောက်လို့ သွားရတာမျိုး ဆိုရင်တော့ အချိန်မရွေး၊ ဒေသမရွေး သွားနိုင်တယ်။ အခုအလှည့်ကျတဲ့ လူတွေက မသွားဘဲ အလှည့်မကျသေးတဲ့ ကျွန်တော်က မဆီမဆိုင်သွားရမှာမျိုးကိုတော့ ဘယ်လိုမှ ဘဝင်မကျနိုင်ဘူး။ နောက်ပြီး သူတို့က စေ့စပ်ထား


mgyoe.com

mgyoe.com SAMPLE BOOK

တာပဲ ရှိသေးတယ်။ မင်္ဂလာဆောင်ဖို့အတွက် ရက်တောင် ရွေးရသေးတာ မဟုတ်ဘူး။ ထားပါ ဆရာကြီး၊ ဒါက ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး။ ကျွန်တော့်ကိစ္စပဲ ကျွန်တော် ပြောမယ်။ ကျွန်တော့်အလှည့် မရောက်သေးဘဲ ကျွန်တော်ကတော့ မသွားနိုင်ဘူး"

ကျွန်တော့်လေသံက နည်းနည်း မာသွားသည် ထင်မိပေမယ့် မထိန်းချင်တော့။ တကယ်တမ်းလည်း ကျွန်တော့်ဆီ ရောက်မလာသင့်သော ပြဿနာပင်။ ကျွန်တော့်အပေါ် တစ်ကွက်ကျော်သလိုမျိုး ခံစားမိသည်။

"အဲဒီလို ပြောလို့တော့ မရဘူးလေ ဆရာ။ ဆရာ့ကို အကျိုးအကြောင်း အကုန်ပြောထားပြီးသားပဲ။ သူတို့တွေက သွားဖို့ အဆင်မပြေနေလို့ပါလို့"

သူတို့ အဆင်မပြေသည့် အကြောင်းက ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စမျိုးမို့ နားလည်မှုတော့ မပေးနိုင်။ နောက် သူတို့ကိုယ်တိုင်က ကျွန်တော့်ကို အကျိုးသင့်၊ အကြောင်းသင့် လာရှင်းပြပြီး အကူအညီ တောင်းလာသည် ဆိုလျှင် ကျွန်တော် ငြင်းနိုင်ချင်မှ ငြင်းနိုင်လိမ့်မည်။ ယခုက နှစ်ပေါက်တစ်ပေါက် ရိုက်သွားသည့် သဘော။ ဆေးရုံအုပ်ကို ပိုင်လျှင် အချင်းချင်းတောင် ကျော်နိုင်၊ ခွနိုင်သည် ဆိုသည့်သဘော။ ကျွန်တော် လက်မခံနိုင်။

"အကြောင်းပြချက်ကတော့ ဘယ်သူမဆို ပြလို့ရတာမျိုးပဲ ဆရာကြီး။ အဲဒီလို ပြလို့ ရကြေးသာဆို ကျွန်တော်လည်း နောက်လ သိမ့်နဲ့ စေ့စပ်တော့မှာပဲလေ။ အဲဒီအခါကျရင်ကော ဆရာကြီး ဘယ်လို လုပ်ပေးမှာလဲ"

"မဆိုင်ဘူးလေ၊ ဆရာ့ဟာက နောက်မှ ပေါ်လာတဲ့ ကိစ္စကို"

ကျွန်တော့်စကားကို ကြားတော့ မျက်ကလဲဆန်ပျာနှင့် ငြင်းချက် ထုတ်လာလေသည်။

"ကျွန်တော်တို့ အလုပ်စဝင်တဲ့အချိန် မဲနှိုက်တုန်းကလည်း ဆရာကြီး အကြောင်းပြတဲ့ ကိစ္စတွေ မပေါ်သေးဘူးလေ။ အကုန်လုံးက နောက်မှ ပေါ်လာကြတာတွေချည်းပဲ မဟုတ်လား ဆရာကြီး"

အနာပေါ် တုတ်ကျသွားလေသည်ထင်။ မခံချိမခံသာ ဖြစ်လေဟန်နှင့် မျက်နှာထားက သုန်သုန်မှုန်မှုန်။ မှန်သောစကားမို့ နာသည် ထင်ရဲ့။ မင်းသားမျက်နှာ ဖုံး ချွတ်လေပြီ။

"မင်း ငါ့ကို စကားကတ် မပြောနဲ့။ မင်း ပြောနေတာ ဘယ်သူ ဆိုတာလည်း သတိထားဦး"


mgyoe.com

mgyoe.com
SAMPLE BOOK

"ဆရာကြီးကို ပြောသင့်လို့ ပြောပြတာပဲ။ ရှေ့မှာ နှစ်ယောက် ရှိနေတာ တောင် ကျော်ပြီး ဘာမှ မဆိုင်တဲ့ ကျွန်တော့်ဆီ ရောက်လာတာ အဓိပ္ပါယ်မှ မရှိတာ။ ဆရာကြီး မကျေနပ်လည်း ပြောရမှာပဲ။ ကျွန်တော် မှားနေတာ တစ်ခုမှ မပါဘူး"

စားပွဲကို ပုတ်လိုက်သည့် အသံက ဖြောင်းခနဲ။ ရုံးခန်းစာရေးကြီးက အခန်းထဲ ရောက်လာခဲ့ပြီ။

"မင်း မှားတာတွေ၊ မှန်တာတွေ ငါ မသိဘူး။ ဒါက အမိန့်ပဲ။ ငါက သွားဆို သွားရုံပဲ"

ရင့်သီးလိုက်သည့် စကား။ လူငယ်ချင်းသာဆို ဆွဲထိုးပစ်မိမှာ သေချာပေမယ့် လူကြီးတစ်ယောက် ဖြစ်နေသည်မို့ ကျွန်တော် သည်းညည်းခံနေရသည်။ ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပြီ။

"မသွားတော့ ခင်ဗျားက ဘာလုပ်ချင်လဲ"

"ဟေ့ကောင်၊ မင်းဘာသာ သွားချင်သွား၊ မသွားချင်နေ။ မနေ့ကပဲ ဝန်ကြီးချုပ်က တောင်းလို့ မင်းနာမည် စာရင်းပေးလိုက်ပြီ။ မင်း ကြိုက်သလို လုပ်"

ချည်ပြီးသား၊ တုပ်ပြီးသား ဆိုသည့်သဘော။ မင်း ဘာတတ်နိုင်သေးလဲ ဆိုသည့်သဘော။ ကျွန်တော့်ဒေါသက တလိမ့်လိမ့်။ ကြီးဂုဏ်ကို လက်ကိုင်တုတ် လုပ်ချင်သူနှင့် မဟုတ်မခံတတ်သူတို့၏ ပွဲ။ သည်လို ရနိုင်ရိုးလား။

"မသွားဘူးဗျာ။ ခင်ဗျားဘာသာ ဝန်ကြီးချုပ်မကလို့ ကြိုက်တဲ့နေရာ တိုင်လိုက်။ ဂရုမစိုက်ဘူး။ ခင်ဗျား ပေးတဲ့လခ ယူနေတာ မဟုတ်ဘူး။ ခင်ဗျား ကျွေးတဲ့ ထမင်း စားနေတာလည်း မဟုတ်ဘူး"

ဒေါသနှင့် အော်လိုက်သည့် အသံတို့က ဟိန်းထွက်သွားသည်။ စိတ်ကို ကြိုးစားထိန်းပေမယ့် ဘယ်လိုမှ အဆင်မပြေ။ မတရားမှုဟု ခံစားရလေလေ၊ မခံချင်စိတ်က ပိုထွက်လေလေ။ ရုံးခန်းစာရေးကြီးက လက်မောင်း တစ်ဖက်ကို ဆွဲလာချိန် လက်တို့ကို တွန်းဖယ်ပစ်လိုက်ပြီး ရုံးခန်းမှ ထွက်လာခဲ့သည်။

*

ကန်ရေပြင်သည် ကျွန်တော် ဒေါသတကြီး ပစ်ပေါက်လိုက်သည့် ခဲလုံးတွေကြောင့် ဂယက်မျိုးစုံ ထနေလျက်။ ကန်ပေါင်ပေါ်မှာ ထိုင်နေသော သိမ့်ကတော့ ကျွန်တော် လုပ်သမျှကို မျက်လုံးအပြူးသားနှင့် ငေးကြည့်နေသည်။ မကျေလည်နိုင်


mgyoe.com

mgyoe.com
သေးသော ဒေါသတွေအတွက် တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်မိသည်။ ကျွန်တော့်အသက်ရှူသံတွေက ပုံမှန်ထက် မြန်နေသည့်နှယ်။

"စိတ်ကို လျှော့ပါဦး ကိုထက်ရယ်။ ဘယ်လို ဖြစ်လာရတာလဲ"

ကျွန်တော့်ဒေါသတွေကို မြင်လေသော သိမ့်က စိုးရိမ်ပူပန်စွာဖြင့် မေးလာလေသည်။ ကျွန်တော် ချက်ချင်း မဖြေနိုင်။ တွေးလေတွေးလေ ဒေါသက ပိုထွက်လာလေ။ ကြီးနိုင်ငယ်ညှဉ်း လုပ်ရပ်က မခံချိမခံသာ။

ကျွန်တော် အကြောင်းစုံ ရှင်းပြလိုက်သည့် အခါမှာတော့ အရာရာကို စိုးရိမ်ကြီးတတ်လေသူ သိမ့်က မျက်နှာပျက်နေပြီ။

"ဒုက္ခပါပဲ ကိုထက်ရယ်။ အဲဒါဆို ဘယ်လို လုပ်ကြမလဲ။ ကိုထက်ကလည်း စိတ်လိုက်မာန်ပါ ပြောမယ် ဆိုတာချည်းပဲ။ နောက်မှ အကြောင်းတစ်ခုခု ပြပြီး ငြင်းလိုက်လည်း ရနေတာကို"

ကျွန်တော် ဆတ်ခနဲ ကြည့်လိုက်တော့ သိမ့်က မျက်လွှာချသွားသည်။ တကယ်ဆို သိမ့်က ကျွန်တော့်အကြောင်းကို မသိသူ မဟုတ်။ ကျွန်တော်တို့ နှစ်ယောက် တွဲလာကြသည်မှာ ဆေးကျောင်း တတိယနှစ်ကတည်းက။ မဟုတ်မခံ ကျွန်တော့်အကြောင်းတွေကို သိမ့် မြင်ဖူး၊ ကြားဖူးခဲ့ပြီးသားပင်။

"အကြောင်းပြချက်က ပေးစရာကို မလိုတာ သိမ့်ရ။ တစ်ခုခု အကြောင်းပြပြီး ငါက ငြင်းလို့ ရပါပြီတဲ့၊ ဒီကိစ္စက နောက်တစ်ယောက်ဆီ ရောက်သွားဦးမှာပဲ။ အမှန်ဆို ဒီပြဿနာက ငါ့ဆီ ရောက်လာစရာ အကြောင်းကို မရှိဘူး။ ငါ့အလှည့်မို့ ငါ မသွားနိုင်ဘူး ငြင်းနေတာမျိုးလည်း မဟုတ်ဘူး။ သူတို့ဘာသာ အဆင်မပြေတာ ငါနဲ့ ဘာဆိုင်လို့လဲ။ နောက် ဟိုနှစ်ကောင်။ တကယ်ဆို အချင်းချင်းတွေပဲ။ ငါတို့ကြားမှာ မပြောရဲ၊ မဆိုရဲစရာ ဘာရှိလို့လဲ။ ငါ့ကို အကျိုးအကြောင်း အရင် လာပြောပြရင် တောင် ငါ စဉ်းစားပေးချင် ပေးဖြစ်ဦးမှာ။ အခုက ဆေးရုံအုပ်ကို သူတို့ပိုင်တယ် ဆိုတဲ့ အထာနဲ့ နှစ်ပေါက်တစ်ပေါက် ကျောသွားတာမျိုးဟာ။ ငါ နည်းနည်းမှ လက်မခံနိုင်ဘူး"

ကန်ရေပြင်က နောက်တစ်ကြိမ် ဂယက်ထသွားပြန်သည်။ သည်တစ်ကြိမ် ဂယက်က အရင်အကြိမ်တွေထက် ပိုကြီးနေသလို။

"အဲဒါဆို ကိုထက်က ဘာဆက်လုပ်မှာလဲ"

"ဘာဆက်လုပ်ရမှာလဲ သိမ့်ရ။ မသွားဘူးပေါ့။ အလုပ်ထွက် ဆိုလည်း ထွက်လိုက်ရုံပေါ့"


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်ဆုံးဖြတ်ချက်ကို ကြားလေလျှင် သိမ့်က သက်ပြင်းမောကို ခပ် လေးလေး ချလေသည်။

"အဲဒီလိုတော့လည်း ဘယ်ဟုတ်မလဲ ကိုထက်ရယ်။ ကိုထက်ပဲ ortho surgeon လုပ်ချင်တယ်ဆို။ ထွက်လိုက်ရင် အမ်အက်စ်စီက ဘယ်လိုလုပ် ဖြေလို့ ရတော့မှာလဲ။ စာမေးပွဲကဖြင့် နီးတောင် နီးနေမှကို။ ကိုထက် ကျက်ထားတဲ့ စာတွေ အလကား ဖြစ်ကုန်မှာပေါ့"

သိမ့် ပြောသည်က မမှား။ အထူးကုဝင်ခွင့် စာမေးပွဲအတွက် ကျွန်တော် ကြိုးစားနေသည်က သုံးနှစ် ရှိခဲ့ပြီ။ အရိုးအထူးကု ဆရာဝန်တစ်ယောက် ဖြစ်လာရန် ကျွန်တော် အိပ်မက် မက်ခဲ့ဖူးသည်ကတော့ အမှန်။ တကယ်တမ်း အလုပ်ထွက်လိုက် ပြီ ဆိုလျှင် သည်အိပ်မက်ကို အပြီးတိုင် စွန့်လွှတ်ရပေလိမ့်မည်။

ဘယ်တတ်နိုင်မည်နည်း။ အကြောင်း ရှိသမျှ အကျိုး ဖြစ်လာရမည်သာ။ ထားမိသည့် မာနကိုတော့ မစွန့်နိုင်။

"ဖြစ်သမျှအကြောင်း အကောင်းလို့ သဘောထားရမှာပေါ့ သိမ့်ရယ်။ ကိုယ် မလုပ်နိုင်မှတော့ ဖြစ်လာသမျှ ရင်ဆိုင်လိုက်ရုံပေါ့။ ဆရာဝန် မဟုတ်တော့ လည်း တခြားအလုပ် ပြောင်းလုပ်ရုံပေါ့ဟာ။ ဘာပဲဖြစ်ဖြစ် နင့်ကို ကောင်းကောင်း မွန်မွန် တောင်းရမ်းနိုင်ဖို့ ငါ အစွမ်းကုန် ကြိုးစားမှာပါ"

နောက်ထပ် ပစ်ဖို့ ခဲတစ်လုံးက လွယ်လွယ်နှင့် မတွေ့။ သိမ့်ဘေးမှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ ကားလမ်းမပေါ်မှာတော့ ဥဒဟို သွားလာနေ ကြသည့် လူများ၊ ယာဉ်များ။ မြင်မြင်သမျှက အနည်းငယ် အကျည်းတန်နေသယောင်။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂ )

လရောင်က ဖြာကျနေလျက်။ လပြည့်ညမို့ အလင်းရောင်က လင်းလင်းကျင်း ကျင်း။ တစ်ခါတစ်ခါ လေနှင့် ပါလာတတ်သော ဖွက်ပန်းရနံ့တို့က ကျွန်တော့်နှာခေါင်းဝ ဆီသို့ တိုးဝှေ့လာတတ်သလို ခြံထောင့်မှ ဇီဇဝါပင်ကလည်း သင်းနေအောင် မွှေးနေ သေးသည်။ ဝန်းကျင်က ကြည်နူးစရာ အနေအထား ဆိုပေမယ့် ကျွန်တော့်စိတ်ကတော့ မပျော်နိုင်။

ကျွန်တော် ဆေးရုံ မသွားဖြစ်သည်မှာ သုံးရက် ရှိခဲ့ပြီ။ ကျွန်တော့်သဘော နှင့် ကျွန်တော် ဆုံးဖြတ်ခဲ့သည် ဆိုပေမယ့် ကျွန်တော် စတင်ခဲ့သည် မဟုတ်သော အကြောင်းတစ်ခုအတွက် အရှုံးနှင့် လှည့်ပြန်ခဲ့ရသည်ကို ပြန်တွေးမိတိုင်း မခံချိ မခံ သာ ဖြစ်ရသည်။ ကြိတ်မနိုင်၊ ခဲမရခြင်း များစွာနှင့် ခံစားချက်တို့က ဗလောင်ဆူနေဆဲ။ ဆေးရုံ ဆိုသည်က ကျွန်တော့်အတွက် ဒုတိယအိမ် ဆိုလည်း ဟုတ်နေခဲ့သည်မို့ လုပ်ဖော်ကိုင်ဖက်တွေနှင့် လုပ်ငန်းခွင်ကိုတော့ သတိရနေသည်။ နောက်ပြီး အရိုး အထူးကု ဆရာဝန်တစ်ယောက် ဖြစ်ဖို့ ရည်မှန်းထားသော ကျွန်တော့်အိပ်မက်ကို လည်း နှမြောသည်။

"သား မအိပ်သေးဘူးလား"

အသံကြောင့် လှည့်ကြည့်မိတော့ ဖေဖေ။



mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်တယ် ဖေဖေ။ ကျွန်တော် အိပ်မပျော်လို့ ခြံထဲ ခဏ ဆင်းထိုင်နေတာ"

"အေး ဖေဖေလည်း အိပ်မပျော်တာနဲ့ ဆင်းလာတာ။ သား အဖော်ရတာ ပေါ့ကွာ"

ဖေဖေက ပြောပြောဆိုဆိုနှင့် ကျွန်တော့်ဘေးမှာ လာထိုင်လျှင် ကျွန်တော် နေရာရွှေ့ပေးဖြစ်သည်။ အတန်ကြာသည်အထိ နှစ်ယောက်သား စကား မဆက်ဖြစ်ကြ။ ဖေဖေ့မှာ စိတ်ရှုပ်စရာ တစ်ခုခုများ ရှိနေသည်လား မသိ။ သက်ပြင်းတွေ ခဏ ခဏ ချနေသည်ကို တွေ့သည်။

"သား ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား"

ရုတ်တရက် မေးလာသော ဖေဖေ့မေးခွန်းကြောင့် ကျွန်တော့်စိတ်ထဲ ဇဝေဇဝါ။

"မပြင်တော့ဘူး ဖေဖေ။ သား ပြင်လိုက်ရင် အဲဒီဘိုးတော်ကို အရှုံးပေးလိုက်သလို ဖြစ်မှာပေါ့။ သားမှ မမှားတာကို"

ဖေဖေ့ဆီမှ စကားသံ ထပ်ထွက်မလာ။ ဖေဖေ့မျက်ဝန်းတို့က အဝေးသို့ ငေးလျက်။ ကျွန်တော့်အလုပ်အတွက် ဖေဖေ နှမြောနေသည်လား...။ သို့မဟုတ် ဆရာဝန်တစ်ယောက် ဖြစ်လာရန်အတွက် ပေးဆပ်ခဲ့ရသော အချိန်ကာလ၊ ရင်းနှီးခဲ့ရသော ငွေကြေးပမာဏတို့ကို ပြန်တွက်နေသည်လား။ ကျွန်တော် မတွေးတတ်။ တစ်ဦးတည်းသော သား၊ အရာရာကို သွေးဆူလွယ်သော သား၊ တစ်ခါတစ်ရံ ခေါင်းမာတတ်သော မိတဆိုးသား ကျွန်တော့်အတွက် ဖေဖေ စိတ်ညစ်နေပြီလား။

တောင်းပန်ပါတယ် ဖေဖေ...။ ကျွန်တော် ဘယ်သူ့အောက်မှ ခေါင်းမငုံ့ချင်ဘူး။ အထူးသဖြင့် ဦးကြင်ဖားလို လူတစ်ယောက်ကိုပေါ့...။

"ဖေဖေကတော့ သား သွားသင့်တယ်လို့ မြင်တယ်"

ကြားမိသည့် စကားကို မယုံကြည်နိုင်။ ဖေဖေ ပြောလိုက်သည်မှ ဟုတ်ပါလေစ။

ကျွန်တော် အရွယ်ရောက်လာပြီးကတည်းက ကျွန်တော့်ဆုံးဖြတ်ချက်တွေကို ရံဖန်ရံခါ အကြံပေးတတ်သည်က လွဲ၍ ဖေဖေ တစ်ခါမှ မကန့်ကွက်ခဲ့ဖူး။

*'လူဆိုတာ ကိုယ်စိုက်ပျိုးသမျှ ကိုယ်ပြန်ရိတ်သိမ်းတတ်ကြရတာမျိုး'*

ဆိုသည့်စကားကို အမြဲတစေ လက်ကိုင်ထားတတ်သော ဖေဖေ။ မှန်သည် ထင်ရာကို လုပ်ပိုင်ခွင့် ပေးတတ်သလို မှားလာလျှင်လည်း ထိုအမှားမှ သင်ခန်းစာ


mgyoe.com

mgyoe.com

ယူတတ်ဖို့ကိုသာ အမြဲသင်ပေးတတ်ခဲ့သော ဖေဖေ။ ထိုဖေဖေက သွားသင့်သည်ဟု ပြောလာတော့ ကျွန်တော် နားမလည်မိသည်က အမှန်။ ဖေဖေ ဘာတွေ တွေးနေခဲ့သလဲ...။

ဖေဖေ့မျက်နှာကို ပြန်ကြည့်မိတော့ တည်တည်ငြိမ်ငြိမ်။ ဖေဖေ လေးလေးနက်နက် ပြောနေခြင်း ဆိုသည်က အသေအချာ။ ကျွန်တော် ဆရာဝန်တစ်ယောက် မဟုတ်တော့မှာကို ဖေဖေ စိုးရိမ်နေရော့သလား...။

"ဘာဖြစ်လို့လဲ ဖေဖေ"

ကျွန်တော့်မေးခွန်းကို ချက်ချင်း မဖြေ။ အိတ်ထောင်ထဲမှ စီးကရက်ဘူး ထုတ်နေသည်ကို တွေ့သည်။ ဆေးလိပ်နံ့ကို ကျွန်တော် မကြိုက်။ ဖေဖေ ဆေးလိပ်သောက်သည်ကိုလည်း မကြိုက်။ သို့ပေမဲ့ ဖေဖေ ဆေးလိပ်ပြတ်အောင် ကျွန်တော် မစည်းရုံးနိုင်သေး။

"ဖေဖေ့ကို ဆေးလိပ် သောက်ခွင့်ပြုကွာ"

ဖေဖေက ကျွန်တော့်ခွင့်ပြုချက်ကို မစောင့်။ စီးကရက် တစ်လိပ်ကို မီးညှိနေပြီ။ ကျွန်တော် တား၍လည်း ရနိုင်မည် မထင်တော့။

တစ်ရှိုက်၊ နှစ်ရှိုက်။ နောက်ထပ် တစ်ရှိုက်။ ကျွန်တော် မျက်နှာလွှဲမိပြီ။

"သား အသက်နဲ့အမျှ အနှစ်သုံးဆယ်လောက်နီးနီး ဖေဖေ့ရင်ထဲမှာပဲ ထားခဲ့တဲ့ အကြောင်းတွေ ပြန်ပြောပြရမှာ ဖေဖေ စိတ်မကောင်းဘူး။ ဒီအကြောင်းတွေ သား သိသွားရင် ရင်နာရမှာ၊ ဝမ်းနည်းရမှာစိုးလို့ သားကို ဘယ်တော့မှ မပြောပါနဲ့လို့ သားမေမေကလည်း မှာခဲ့တယ်"

ပဟေဠိ ဆန်လှသော စကားတွေ။ မေမေရော၊ ဖေဖေကပါ ကျွန်တော့် တစ်သက်တာ ဖုံးကွယ်ထားရလောက်အောင်၊ နောက်ပြီး ပြောပြမည့် ဖေဖေ့ကိုရော၊ နားထောင်ရမည့် ကျွန်တော့်ကိုပါ ဝမ်းနည်းစေနိုင်လောက်အောင် ဘယ်လို အကြောင်းအရာမျိုး ဖြစ်လေမည်လဲ။ ဝမ်းနည်းရမှာကို ကျွန်တော် မကြိုက်ပေမယ့် သိချင်စိတ်က ရင်ထဲ အပြည့်။ ဖေဖေ ဆက်ပြောလာမည့် စကားတွေကို စိတ်ဝင်တစား စောင့်မျှော်နေမိသည်။

"မှန်တာ ပြောကြကြေးဆို အခုကိစ္စသာ ပေါ်မလာခဲ့ရင် ဖေဖေ့ တစ်သက်လုံး သားကို ပြောပြဖြစ်မှာ မဟုတ်ဘူး။ အခုလည်း ပြောသင့်၊ မပြောသင့် ဖေဖေ စဉ်းစားနေခဲ့တာ သုံးရက် ရှိပြီ။ ဒီနေ့တော့ မဖြစ်မနေ ပြောပြမယ်လို့ ဖေဖေ ဆုံးဖြတ်လိုက်တယ်။ ရင်နာရနိုင်တဲ့ အကြောင်းတစ်ခု ဆိုပေမယ့် ဒါက အမှန်တရား တစ်ခု


mgyoe.com

mgyoe.com SAMPLE BOOK
ပဲလေ။ ဘာပဲဖြစ်ဖြစ် သား သိသင့်တယ်လို့ ဖေဖေ ယူဆတယ်။ နောက်ပြီး သား အသက်အရွယ်အရ အရာရာကို ဝေဖန်ပိုင်းခြားနိုင်လိမ့်မယ်လို့လည်း ဖေဖေ ယုံကြည်တယ်"

အမှန်တရား တစ်ခု။ ကျွန်တော် ဖေဖေ့စကားတွေကို နားမလည်နိုင်။ ထိုအမှန်တရားက လတ်တလော ပြဿနာနှင့် ဘယ်လို ပတ်သက်နေခဲ့သလဲ။ ကျွန်တော့်အတွက် တကယ်ပဲ အရေးကြီးလေသလား...။ ဖေဖေ့ကို ဆက်ပြောခိုင်းရမည်လား၊ မပြောပါနှင့်ဟု တားလိုက်ရမည်လား စဉ်းစားမရ။ စိတ်က ရှုပ်ထွေးလာသည်။

တားလိုက်မည် ဆိုလျှင် ဖေဖေ ပြောလာမည့် အမှန်တရား တစ်ခုကို သိနိုင်တော့မည် မဟုတ်။ အကယ်၍ သိလိုက်ရလျှင်ကော၊ ဘယ်အတိုင်းအတာအထိ ကျွန်တော် ဝမ်းနည်းရမည်လဲ...။

ဖေဖေ့ဆီမှ ထွက်လာသည့် စီးကရက်ငွေ့တွေကို အမှတ်တမဲ့ ငေးကြည့်နေမိသော ကျွန်တော့်စိတ်က ထွေထွေပြားပြား။ ဆေးလိပ်နံ့ကို ကျွန်တော် သတိမရတော့သလို ပန်းရနံ့တို့ကိုလည်း မေ့မေ့ပျောက်ပျောက်...။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၃ )

တောင်သည် တိမ်တွေနှင့် ပန်းရလျက်။ မျှော်လေရာ အရပ်တစ်ခွင်ဆီမှာ တော့ ဟိုမှသည် အစီအရီ သွယ်တန်းနေသော တောင်တန်းတွေက တစ်မျှော်တစ်ခေါ်။ ကုန်ဆုံးနိုင်ပါဦးမလားဟု ထင်ယောင်မိလောက်စရာ။ မြင့်သော တောင်သည် နိမ့် သော တောင်ကို စီးမိုးလျက်။ ငယ်သော တောင်တွေက ကြီးသော တောင်တွေ အောက်မှာ ခေါင်းတိုးလျှိုးလျက်။ နီးသော တောင်တွေက စိမ်းသယောင်ယောင်။ ဝေးသော တောင်တွေက အပြာရင့်ရင့်။ ပို၍ဝေးသော တောင်တွေကတော့ မှိုင်း ပြာပြာ။

ကောင်းကင်ပြာပြာနှင့် တောင်တန်းပြာပြာ ကြားမှာတော့ အဖြူရောင် တိမ် တိုက်တွေက လွင့်လွင့်လူးလူး။

တိမ်တွေ ထူထပ်လာသည့်အခါမျိုးမှာတော့ တိမ်နှင့် တောင်သည် အရော ရော အထွေးထွေး။ တောင်က တိမ်ကို ထွေးပိုက်ထားသည် ရှိတတ်သလို၊ တိမ်က တောင်ကို ကွယ်ဝှက်ထားသည်လည်း ရှိတတ်သည်။ ဟိုအဝေးဆီမှာတော့ မြန်မာ ပြည်၏ ခေါင်မိုးဟု နာဂလူမျိုးတို့ တင်စားတတ်သည့် စာရာမေရိတောင်သည် မှိုင်း ပျပျ။ တောင်ထွတ်ကို မြင်ရသည် ဆိုရုံမျှသာ။

ကျွန်တော် ရောက်နေသည်က ဥရုဝေလတောင်ကုန်းပေါ်မှာ။ သည်တောင်



mgyoe.com

mgyoe.com SAMPLE BOOK
ကုန်းလေးဆီ ရောက်ရန် ဆေးရုံမှ မိနစ်နှစ်ဆယ်ခန့် လမ်းလျှောက်လာခဲ့ရသည်။ မြို့တစ်ခုလုံးကိုသာမက ပတ်ဝန်းကျင် တောတောင် ရှုခင်းတွေကိုပါ အထက်စီးမှ ကောင်းကောင်း မြင်နိုင်သည်မို့ သည်မြို့လေးသို့ ရောက်လာပြီး နောက်ပိုင်းမှာ ကျွန်တော် မကြာခဏ လာတတ်သည့် နေရာတစ်ခု ဆိုလျှင် မမှား။ တောင်ကုန်းပေါ်မှာ တည်ထားသော ဆုတောင်းပြည့်စေတီကို ဖူးမျှော်ရင်း၊ စေတီရင်ပြင်ပေါ်မှ တစ်ဆင့် လှမ်းမြင်နေရသော ပတ်ဝန်းကျင် သဘာဝအလှတွေကို တမေ့တမြော ငေးမောရင်း။

တောင်ခါးပန်းကို မေးတင်ထားသော လူနေအိမ်လေးတွေက လှေကားထစ်လေးတွေပမာ တစ်ခုအပေါ် တစ်ခုဆင့်ပြီး ဆောက်ထားသည့်နှယ်။ လူဦးရေ မထူထပ်သည့် တောင်ပေါ်မြို့လေးမို့ အဆောက်အဦတွေက များများစားစား မရှိ။ တချို့ အဆောက်အဦတွေက တောရိပ်တောင်ရိပ်ကြားမှာ နစ်မြုပ်နေလျက်။ အဆောက်အဦ တစ်ခုလုံးကို မြင်နေရသည် မဟုတ်ဘဲ အဖြူရောင် ခေါင်မိုးလေးတွေကသာ သစ်ပင်တွေကြားမှ တိုးထွက်နေသည့်အလား။

ဥရုဝေလတောင်ကုန်းနှင့် မျက်နှာချင်းဆိုင်မှာတော့ ကျွန်တော် တာဝန်ကျရာ လေရှိုးဆေးရုံ။ တောင်နံရံကို ကျောပေး ဆောက်ထားသော နှစ်ထပ်အဆောက်အဦ။ သစ်သားဆောင် အဖြစ်မှ ခေတ်မီ အဆောက်အဦအဖြစ် ပြောင်းလဲထားသည်က မကြာသေးမို့ ဆေးရောင်တွေ သစ်လွင်နေဆဲ ရှိသေးသည်။ ဆေးရုံအပေါ် တစ်ဆင့်မြင့်သော တောင်စောင်းမှာတော့ ရဲဝန်ထမ်း အိမ်ရာနှင့် ရဲစခန်း။ ထို့နောက် စာတိုက်ရုံး။ စာတိုက်ရုံးမှ ဆက်ဆင်းလာလျှင် ဆေးရုံနှင့် မြို့ထဲသို့ ဆက်သွယ်ထားသော လမ်းကလေးပေါ် ရောက်မည်။ ထိုလမ်းကို ဖြတ်လာခဲ့လျှင်တော့ ဘောလုံးကွင်း တစ်ခုစာမက ကျယ်ပြန့်သော ကွင်းပြင်ကြီး တစ်ခုဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိမည် ဖြစ်သည်။

ထိုကွင်းပြင်ကျယ်ကြီးက နာဂလူမျိုးတို့ အမြတ်တနိုး တန်ဖိုးထားသည့် ရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပလေ့ရှိသော ရိုးရာကွင်းပင်။ ရိုးရာကွင်းထဲမှာတော့ နာဂလူမျိုးတို့၏ ယဉ်ကျေးမှု သမိုင်းအစဉ်အလာကို လေ့လာနိုင်သည့် ပြတိုက် တစ်ခုနှင့် 'ပန်' ဟု ခေါ်ကြသော အဆောင်ငယ်တစ်ခု ရှိသည်။ ဆေးရုံကုန်းအခြေ ရိုးရာကွင်းအစပ်မှာတော့ ဆိုင်ခန်းငယ်လေးတွေ လေး ငါး ခြောက်ခုခန့်။

ဥရုဝေလတောင်ကုန်းပေါ်မှ အနောက်ဘက်သို့ မျှော်ကြည့်လိုက်လျှင် မြွေလိမ်မြွေကောက်သဏ္ဍာန် ကွေ့ကောက်နေသော တောင်ပေါ်လမ်း ကလေးတစ်ခု က တောင်တွေကြားမှာ ဦးငုံ့သွားလိုက်၊ ပြန်ပေါ်လာလိုက်နှင့်။ အိန္ဒိယ-မြန်မာ နယ်


mgyoe.com

mgyoe.com

စပ်ရှိ ဆွမ္ဗရာမြို့လေးနှင့် လေရှီးမြို့တို့ကို ဆက်သွယ်ထားသော ထိုလမ်းလေးက မိုးရာသီ ဆိုလျှင် တောင်ပြိုမှုတွေကြောင့် မကြာခဏ လမ်းပိတ်တတ်သည်တဲ့...။ တစ်ချိန်က ဖေဖေ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ဆွမ္ဗရာမြို့လေးက လေးရှီးနှင့် မိုင်လေးဆယ်ကျော်ခန့်သာ ကွာဝေးသည် ဆိုပေမယ့် တောင်တက်တောင်ဆင်း လမ်းမို့ နေ့တစ်ဝက်ကျော်ကျော်ခန့် သွားရတတ်သည်ဟု ဒေသခံ ဆရာမတစ်ယောက်က ပြောပြဖူးသည်။

လေရှီးမြို့။

မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း။ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ ၄၄၄၃ ကျော်။ နာဂတိုင်းရင်းသားမျိုးနွယ်တို့ ပျော်စံရာ တောင်ပေါ်မြို့။ မြေပြန့်လွင်ပြင် မရှိသလောက် နည်းပါးပြီး တောင်စွယ် တောင်တန်းများနှင့် လျှိုမြောင်များ ပြည့်နှက်နေသည့်ဒေသ။ မိုးကြောင့် နွေရာသီကို ကောင်းကောင်း မမြင်ရတတ်သလို ဆောင်းတွင်း ဆိုလျှင်လည်း ရေခဲလုနီးပါး အအေးပိုတတ်သော ဒေသ။ မလာလိုဟု ဆုံးဖြတ်ပြီးပါမှ ဖေဖေ၏ စကားတစ်ခွန်းကြောင့် ရောက်လာခဲ့ရသည့် ဒေသ။

သည်မြို့လေးဆီ ရောက်လာရန်အတွက် မန္တလေးမှ ခန္တီးသို့ လေယာဉ်ဖြင့်၊ ခန္တီးမှ ထမံသီသို့ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရော်တယ် စက်လှေဖြင့်၊ ထမံသီမှ လေရှီးသို့ ဖိုးဝီးဂျစ်ကားဖြင့် ကုန်းတစ်တန် ရေတစ်တန် အဆင့်ဆင့် ခရီးနှင်ခဲ့ရသည်။

သည်မြို့လေးက ကျွန်တော်ငယ်စဉ် လူမမည်ဘဝ၏ တစ်စိတ် တစ်ဒေသ ဖြစ်ခဲ့ဖူးသည်ဟု ဖေဖေ ပြောလာခဲ့စဉ်က မယုံကြည်နိုင်မှုနှင့်အတူ အံ့သြမင်သက်ခဲ့ရဖူးသည်။ မြန်မာ့မြေပုံ၏ မည်သည့်အစိတ်အပိုင်းတွင် ရှိနေသည်ဟုပင် သတိမထားမိခဲ့သော သည်မြို့လေးက ကျွန်တော့် မွေးဖွားခဲ့ရာဒေသ ဖြစ်သည်တဲ့...။

သည်အကြောင်းတွေကို မပြောမီကတည်းက ရင်နာစေနိုင်သည်ဟု ဖေဖေ စကားဦး သန်းခဲ့သည်။ တကယ်တမ်း ကြားလိုက်ရသည့် အချိန်မှာတော့ နာရသည်ထက် ပိုသော ဝမ်းနည်းကြေကွဲမှုတွေနှင့် ကျွန်တော် မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရသည်။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၄ )

"ဒါလေးက မနေ့က အီး (emergency) တက်လိုက်ရတဲ့ အမွှာလေး ဆရာ"

အနီးဖြူဖြူလေးတွေဖြင့် သပ်သပ်ရပ်ရပ် ထုပ်ပေးထားသော ကလေးနှစ်ယောက်က မိခင်ဖြစ်သူဘေးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလျက်။ အနှီးထုပ်ကို ဖြည်လိုက်လျှင် ကလေးက အဲ့ခနဲ။ နိုးလာသည်တော့ မဟုတ်။ ကလေးခေါင်းကို လက်တစ်ဖက်ဖြင့် အသာပင့်မပြီး ဆတ်ခနဲ လွှတ်ချလိုက်လေလျှင် အမေဖြစ်သူဆီမှ ယောင်ယမ်းအော်လိုက်သည့် အသံလေး ထွက်လာခဲ့သည်။ 'အိုး'... တဲ့။ ရုတ်တရက်မို့ လန့်သွားလေဟန်။

ကလေးက ခြေကားယား လက်ကားယားဖြင့် စူးစူးဝါးဝါး ငိုလေပြီ။

"စိတ်မပူနဲ့နော်။ ကျွန်တော် ပြန်ဖမ်းထားတာ တွေ့တယ်မို့လား။ ဘာမှ မဖြစ်ဘူး။ ကလေးလေး သန်မာလား၊ နေကောင်းလား စမ်းသပ်တာ"

နောက်ကလေးတစ်ယောက်ကို ထပ်မစမ်းခင် မိခင်ဖြစ်သူကို ရှင်းပြလိုက်တော့ ကျွန်တော့်စကားကို နားမလည်ဟန် မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေသည်။ 'နားလည်လား' ဟု မေးလျှင် ခေါင်းယမ်းပြလေသည်။ ကျွန်တော် ရယ်မိပြီ။ သည်ဒေသမှ လူနာတွေနှင့် စကားပြောတိုင်း ကျွန်တော် အရှက်ကွဲရပေါင်း များပြီ။


mgyoe.com

mgyoe.com

တစ်ခါတလေ ကျွန်တော်က ပြောချင်ရာတွေ ပြောနေပေမယ့် သူတို့က နားလည်ဟန် မပြ။ မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေတတ်သည်မျိုး။ နားမလည်သေးဘူး အထင်ဖြင့် ထပ်ခါထပ်ခါ ရှင်းပြလေ သူတို့ မျက်လုံးတွေက ပိုပိုပြူးလာလေ။ နောက် ပြန်မေးကြည့်မှ မြန်မာစကား မပေါက်...တဲ့။ ကျွန်တော် ပြောသမျှ သဲထဲရေသွန်ပေ့ါ။ ရှက်ရှက်နှင့် အော်ရယ်မိသည်အထိ သဘောကျခဲ့ရဖူးသည်။

ဤလူနာသည် မနေ့ညနေက ရောက်လာခဲ့သော လူနာ။ မိုးရွာနေသဖြင့် အဆောင်မပြန်ဖြစ်သေးဘဲ ဆရာမတွေ ဂျူတီခန်းထဲမှာပဲ ထိုင်နေချိန်တွင် ဆေးရုံ ဝန်းထဲသို့ သုံးယောက်ပြူး စီးလာသော ဆိုင်ကယ်တစ်စီး ဝင်လာခဲ့သည်။ ဆိုင်ကယ် နောက်ဆုံးမှာ ထိုင်လိုက်လာသူက ဓါးရှည်တစ်လက်ကို စလွယ်သိုင်း လွယ်ထားသလို ဆိုင်ကယ်ရှေ့ခွကြားတွင်လည်း နောက်ထပ် ဓါးတစ်လက်က ချိတ်လျက်သား။

ဤဒေသသို့ စရောက်လာစဉ်က ဆေးရုံဝန်းထဲ ဓါးလွယ်ဝင်လာတတ်သည့် လူတွေကို မြင်လျှင် ကျွန်တော် အံ့သြဖူးခဲ့သည်။ မိုးတွင်းဆိုလျှင် လမ်းခရီးမှာ သစ်ပင်တွေ လဲကျနေသည်မျိုး၊ နောက် တချို့တောဘက်တွေမှာ တောကောင်တွေ အန္တရာယ်ပြုမည်ကို ကြောက်ရသည့်အတွက် လိုရမည်ရ ဆောင်လာတတ်ကြသည် မျိုးဆိုမှ ကျွန်တော် သက်ပြင်းချနိုင်သည်။ သူ့ဓလေ့၊ သူ့ဒေသ ဆိုပေမယ့် ယခုမှ ကြုံဖူး၊ မြင်ဖူးလေသူ ကျွန်တော့်အတွက် စိုးရိမ်စိတ် များခဲ့ရသည်က အမှန်။ တဖြည်းဖြည်း မြင်ရဖန် များလာလေလျှင် ဓါးလွယ်ထားသော လူနာရှင်တွေကို ကျွန်တော် မကြောက်တတ်တော့။ လမ်းခရီး အဆင်ပြေရဲ့လားဟုပင် မေးတတ်ခဲ့ပြီ။

ဆေးရုံရှေ့မှာ ဆိုင်ကယ် ရပ်လိုက်သည့် အချိန်ထိ ကျွန်တော်က အေးအေး ဆေးဆေး။ သာမန်လူနာ လာပြသည်ဟုသာ ထင်နေသေးသည်။ သို့သော် ဆိုင်ကယ် ပေါ်မှ တအီးအီး တအဲအဲ အော်ဆင်းလာသော လူနာတစ်ယောက်ကို မြင်လိုက်ရ ချိန်မှာတော့ ကျွန်တော် မျက်လုံးပြူးရပြီ။ မွေးလူနာတစ်ယောက်ကို ဆိုင်ကယ်နှင့် တင်ခေါ်လာသည်မျိုး ကျွန်တော့်တစ်သက် ပထမဆုံးအကြိမ် မြင်ဖူးရခြင်းပင်။

လူနာက အိမ်မှာတင် ဗိုက်နာနေခဲ့သည်က နှစ်ရက် ရှိနေခဲ့ပြီ။ သာမန်ထက် ကြီးထွားပြောင်တင်းနေသော ဗိုက်ကို စမ်းသပ်ကြည့်လိုက်တော့ အမွှာကိုယ်ဝန် ဖြစ် နိုင်ခြေက များနေသည်။ ကလေးနှလုံးခုန်သံကလည်း ပုံမှန်မဟုတ်သော အခြေ အနေ။ အရေးပေါ်ခွဲစိတ်မွေးဖွားရန် လိုအပ်ကြောင်း ရှင်းပြတော့ လူနာ၏ ယောကျ်ား က မျက်လုံးလေး ကလယ်ကလယ်နှင့်။

'နင်တို့ ကောင်းမယ် ထင်ရင် လုပ်လေ၊ ငါတို့က နားမလည်ဘူး။ သူ သက်

mgyoe.com SAMPLE BOOK

သာရင် ပြီးရော'တဲ့။

တိုင်းရင်းသားမို့ စကားပြောက ဘွင်းဘွင်းရှင်းရှင်း။ ကျွန်တော် ရှင်းပြသည်ကို နားမလည်မှာ စိုးသဖြင့် နာဂစကား ပြောတတ်သော ဆရာမတစ်ယောက်ကို ထပ်ရှင်းပြခိုင်းပြန်တော့လည်း သည်အဖြေသာ ပြန်ရသည်။ 'ကောင်းမယ် ထင်ရင် လုပ်လေ' သာချည်း။ ဆရာမ အက်စတာချောကတော့ ကျွန်တော်တို့ ပြောနေသည်ကို ကြည့်ပြီး သဘောတကျ ရယ်လေသည်။

"သူတို့ကို ဘယ်လို ရှင်းပြ၊ ရှင်းပြ ဒီလို ပြောမှာပဲ ဆရာရဲ့။ ဆရာ ကောင်းမယ် ထင်တာသာ လုပ်ပါ။ ဘာအန္တရာယ်မှ ပြန်မပေးပါဘူး"

ကျွန်တော် ကြောက်နေသည် ထင်လေသလား မသိ။ ဆရာမက အားပေးစကား ပြောလာသည်။ တကယ်တမ်း ကျွန်တော် စိုးရိမ်သည်က ခွဲစိတ်မှုကို သဘောမတူမည် တစ်ခုသာ။ 'ကောင်းမယ်ထင်ရင် လုပ်လေ' ဆိုတော့ ကျွန်တော့်ကို ခွင့်ပြုသည့် သဘောဟု ယူဆလိုက်ရုံ။ အာဂ နာဂနှင့် သာမည ဆရာဝန်တို့ တွေ့ကြသည်ပေ့ါ။

ခွဲစိတ်မှုက အောင်အောင်မြင်မြင် ပြီးစီးသွားခဲ့သည်။ မိခင်ရော ကလေးတွေပါ ကျန်းကျန်းမာမာမို့ ဝမ်းသာရသည်က အမှန်။

ယခုတော့ မိခင်ဖြစ်သူကလည်း တပြုံးပြုံးနှင့်။ ဖခင်ဖြစ်သူကလည်း သူ့ကလေးတွေကို ကြည့်ပြီး ကြည်နူးနေသည့်အသွင်။ ကလေးတွေကို နို့ သေချာတိုက်ရန် စကားပြန်မှ တစ်ဆင့် ပြောခိုင်းတော့ 'အေး' တဲ့။ နောက်ထပ် ကလေးမွေးဦးမှာလား မေးကြည့်တော့လည်း 'အေး'... တဲ့။ 'အေး' ဆိုသည့် အသုံးအနှုန်းကိုတော့ ကောင်းကောင်း သုံးတတ်ဟန်။ ကျွန်တော် သဘောကျရသည်။

*

ဆေးရုံတက်နေသော လူနာက နည်းသည်မို့ မနက်ခင်း ရောင်း (Round) လှည့်သည့်ကိစ္စက ခဏနှင့် ပြီးပြတ်သွားသည်။ ပြင်ပလူနာကလည်း သိပ်မများ။ ဆယ့်တစ်နာရီ မထိုးခင်မှာ အလုပ်တွေက ကုန်သလောက် ရှိနေပြီ။ နေ့လယ်စာ စားရန် အချိန်ကလည်း စောနေသေးသဖြင့် ဆရာမတွေ ဂျူတီခန်းမှာပဲ ကော်ဖီ ထိုင်သောက်ရင်း စကားပြောဖြစ်သည်။ မြေပြန့်မှာ နေစဉ်က လက်ဖက်ရည်ကိုသာ စွဲစွဲ


mgyoe.com

mgyoe.com SAMPLE BOOK

မြဲမြဲ သောက်တတ်ခဲ့သော ကျွန်တော်က ယခုတော့ နာဂကော်ဖီ အရသာကို စွဲလမ်းနေတတ်ပြီ။ သင်းနေသော ကော်ဖီနံ့လေးနှင့် ခါးစိမ့်စိမ့် အရသာက နောက်ဆုံးတစ်ငုံ သောက်ပစ်လိုက်ရမှာ နှမြောမိသည်အထိ အရသာ ရှိနေတတ်သည်မျိုး။

"ဟို အမြွာလူနာက လေရှိုးနဲ့ တော်တော် ဝေးသလား"

"ဝေးတယ် ဆရာရဲ့။ သူတို့ရွာက တောင်ပေါ်မှာ။ ရွာကနေ ကားလမ်းပေါ်ရောက်ဖို့ကို တစ်နာရီလောက် လမ်းလျှောက်ရသေးတာ။ ဒါတောင် တောင်ဆင်းလမ်းမို့။ ဒီရောက်ဖို့လည်း ဆိုင်ကယ်က နှစ်နာရီလောက် စီးရသေးတယ်"

တောင်ပေါ်ဒေသမှ လူတွေက တောင်ပေါ်မှာဟု ထပ်ဆင့် ပြောလာသည်ကို ကြားခါစက အတန်ငယ် နားရှုပ်သွားသေးသည်။ နောက်တော့မှ တစ်တောင်ပေါ် တစ်တောင် ထပ်နေသော ဒေသမျိုးကိုးဟု ပြန်စဉ်းစားမိသည်။

လူနာကို စမြင်မြင်ချင်း ရင်ထိတ်သွားခဲ့ရသည်က အမှန်။ လာရသည့် အခက်အခဲကို ကြားမိလေပြန်တော့လည်း စိတ်ထဲ မကောင်း။ စောစော မလာရကောင်းလားဟု အပြစ်မတင်ချင်တော့။ အကယ်၍ ဆေးရုံမှာသာ ဆရာဝန် မရှိခဲ့လျှင် ဘယ်သို့ ဆက်လုပ်ကြလေမည်လဲ။ ဟုမ္မလင်းနှင့် ကားလမ်းပေါက်သည် ဆိုပေမယ့် မိုးတွင်းဆိုလျှင် လမ်းက မကောင်း။ ခန္တီးကို သွားပြန်လျှင်လည်း ကုန်းတစ်တန်၊ ရေတစ်တန်နှင့် တစ်ရက်ကောင်းကောင်းခန့် အချိန်ယူရဦးမည်။ တွေးကြည့်ရုံမျှနှင့်ပင် စိတ်ထဲ မသက်မသာ။

လေရှိုးဆေးရုံမှာလည်း ဝန်ထမ်းအင်အားက အပြည့်မရှိ။ တကယ်ရှိရမည့် အင်အား၏ တစ်ဝက်ကျော်ကျော်လောက်သာ ရှိသည်။ အလုပ်နိုင်သည် ဆိုရုံမျှသာ။ ဆရာမတွေ အများစုက ဒေသခံတွေ။ မြေပြန့်မှ လာသူက သုံး၊ လေးယောက်ခန့်သာ ရှိသည်။

"အရင်ဆရာဝန်က ဘာလို့ ပြန်မလာတော့တာလဲ ဆရာမ"

"သူက punishment နဲ့ ရောက်လာတာ ဆရာရေ။ အရင် ဆေးရုံမှာ ဘာကေ့စ်တက်ခဲ့လဲတော့ မသိဘူး။ ဒီကိုလည်း ခဏပဲ နေပြီး စိတ်ညစ်လို့ ထင်ပါရဲ့။ အလုပ်ထွက်မယ် ဆိုပြီး ပြန်သွားပါရော။ ကျွန်မတို့ ဒေသကိုက ဆရာဝန် မမြဲတာလား မသိပါဘူး ဆရာရယ်။ ရောက်တာနဲ့ ပြန်မယ် ပြောတဲ့သူက များနေတယ်။ ကျွန်မတို့လည်း လာတဲ့သူတိုင်းကို တတ်နိုင်သလောက်တော့ ပျော်အောင် ထားကြပါတယ်"

ဝေးလံခက်ခဲဒေသ။ ဆရာမ ပြောသလို လူတိုင်း လာနိုင်ရန် မလွယ်သလို


mgyoe.com

mgyoe.com SAMPLE BOOK
လာသူတိုင်း မြဲနိုင်ရန်လည်း မလွယ်။ ခဏတဖြုတ် လာရန်အတွက်တောင် ကျွန်တော် ကိုယ်တိုင် ငြင်းခဲ့ဖူးသေးသည် မဟုတ်ပါလား။ ရောက်လာတော့လည်း နေရထိုင်ရ သည်က အဆင်ပြေနေပေမယ့် မြေပြန့်ကို လွမ်းနေသည်မျိုး။ ရေအားလျှပ်စစ်မှ တစ်ဆင့် လျှပ်စစ်မီး ဖောဖောသီသီ ရနေပေမယ့် ဖုန်းလိုင်း မရ၊ အင်တာနက် မရ။ ဂြိုလ်တုဖုန်း တစ်ခုသာ ဆက်သွယ်၍ ရသည်။ သို့ပေမဲ့ ဂြိုဟ်တုဖုန်းလိုင်းက မိ တစ်ချက်၊ မမိတစ်ချက်အပြင် ဈေးကလည်း ကြီးသည်မို့ ကြာကြာပြောရန် အဆင် မပြေ။ လမ်းပန်းဆက်သွယ်ရေးက နွေဆိုလျှင် အဆင်ပြေသော်ငြား မိုးရာသီ ဆိုလျှင် သွားလာရ ခက်တတ်သည်။

လေရှီးသို့ လာခါနီးတွင် ဆရာကြီးတစ်ယောက် ဆုံးမလိုက်သည့် စကားကို အမှတ်ရမိသည်။

'လူတွေ နေတဲ့ နေရာပါကွာ၊ ငတ်မသေပါဘူး၊ ရောက်တုန်း ပျော်အောင်သာ နေခဲ့'...တဲ့။

ဆရာကြီး ပြောခဲ့သလိုပင်။ အစားအသောက်က ပေါများသည် မဟုတ် ပေမယ့် ထိုက်သင့်သလောက်တော့ အဆင်ပြေသည်။ ဒေသထွက် အစားအစာတွေ ကလည်း လတ်လတ်ဆတ်ဆတ်။ ပန်းသီး၊ လိမ္မော်သီးက အစ မြေပြန့်နှင့် အရသာ ချင်း မတူ။ ဘယ်လို အရသာရယ် မပြောတတ်ပေသိ၊ သည်ဒေသထွက် အသီးအနှံ တွေက ပိုစားကောင်းသည်ကတော့ အမှန်။ တောကောင်တွေ ပေါသည်မို့ သားငါး အတွက်လည်း မရှားလှ။ ရောက်လာသူ မှန်သမျှအပေါ် ဒေသခံတွေ၏ ဆက်ဆံရေး ကလည်း နွေးနွေးထွေးထွေး။ သို့ပေမဲ့ ဆိုခဲ့သလို အခက်အခဲတွေကလည်း ရှိနေ သေးသည် ဆိုတော့ လူတိုင်း ပျော်နိုင်ဖို့တော့ မလွယ်။

"နာဂတွေက နာမည်ပေးတာတွေလည်း မတူ၊ စကားကလည်း မတူကြဘူး။ ဘာတွေ ကွာသွားတာလဲ ဆရာမ"

"မျိုးနွယ်စု ကွာတာ ဆရာရေ့။ ကျွန်မတို့ နာဂတွေက မျိုးနွယ်စုတွေ အများကြီး ရှိတာ။ လဟယ်နဲ့ လေရှီးတောင် မတူကြဘူး။ လဟယ်ဘက်မှာဆို လိုင်းနောင်၊ ပုံညို၊ ကွန်ညက်။ ကျွန်မတို့ဆီကဆို တန်ကွန်၊ မကူရီ၊ လောင်ဖူးရီ၊ ပါရာ၊ ကူကီးပဲ့။ နောက်ထပ်လည်း အများကြီး ရှိသေးတယ်။ နာမည်ကလည်း သူ့မျိုးနွယ် စုနဲ့သူ၊ သူ့အမိပ္ပါယ်နဲ့သူ ပေးကြတာမျိုးပဲ။ အမျိုးသားတွေ ဆိုရင် ထောင်းတို့၊ ကြူး တို့၊ မူ၊ မှူးတို့နဲ့ ဆုံးရင် မကူရီနာဂ။ ကဲ၊ မူ၊ ထွာတို့နဲ့ ဆုံးရင် ပါရာနာဂ။ တန်ကွန် နာမည်တွေ ဆိုရင် ပေ့ါတို့၊ ဆက်တို့၊ ကူကီး ဆိုရင် ယာတို့၊ ယားတို့နဲ့ ဆုံးကြတယ်"


mgyoe.com

mgyoe.com SAMPLE BOOK

"မူက မကူရီရော၊ ပါရာရော သုံးတာလား"

"ဟုတ်တယ် ဆရာ။ ဒါပေမဲ့ မကူရီက ပိုအသုံးများတယ်။ မိန်းကလေးတွေဆို ရှီးနဲ့ ဆုံးရင် မကူရီ၊ ဗိုင်းတို့၊ သေးတို့နဲ့ ဆုံးရင် တန်ကွန်။ ချောနဲ့ ဆုံးရင် ပါရာ။ အများကြီးပဲ ဆရာ။ ကျွန်မ မသိတာတွေကို ရှိသေးတယ်။ စကားဆိုလည်း သူ့မျိုးနွယ်စုနဲ့သူ သက်သက်စီ။ တချို့လည်း နှစ်မျိုးသုံးမျိုးလောက်ထိ စကားပေါက်ကြတယ်။ တချို့လည်း ကိုယ့်စကားကိုယ်ပဲ သိတာ"

"ဆရာမကကော ဘယ်နှမျိုး နားလည်လဲ"

ကျွန်တော် မေးတော့ ဆရာမက ရယ်လေသည်။

"ကျွန်မက ပါရာတစ်မျိုးပဲ သိတယ်။ ကျန်တာ မသိဘူး"

"အက်စတာချော ဆိုတော့ ဆရာမက ပါရာပေ့ါ။ ဒါပေမဲ့ ရှေ့နာမည်က တိုင်းရင်းသားနာမည်နဲ့ သိပ်မတူဘူးလားလို့"

"အက်စတာက ကျွန်မတို့ ကျမ်းစာထဲမှာ ပါတဲ့ သူရဲကောင်း မိဖုရားကြီး ဆရာ။ သူက ဉာဏ်ပညာလည်း ကြီးတယ်၊ ချောလည်း ချောတယ်။ နောက် ထက်လည်း ထက်မြက်တယ်ပေ့ါ။ လူလိမ်အမတ် တစ်ယောက်က သွေးထိုးလို့ သူ့လူမျိုးတွေကို ဘုရင်ကြီးက သတ်တော့မယ့်အချိန်မှာ သူက ဝင်ကယ်ပေးခဲ့တဲ့ သူရဲကောင်း အမျိုးသမီးကြီး။ သူ့ကို လေးစားအားကျတဲ့ အနေနဲ့ အက်စတာလို့ မှည့်ထားတာပဲ။ ချောကတော့ ကျွန်မတို့ ပါရာမျိုးနွယ်စု နာမည်ပေ့ါ။ တချို့လည်း ဘိုးဘေးတွေထဲက ထက်မြက်တဲ့သူ၊ လေးစားအားကျရတဲ့သူတွေရဲ့ နာမည်တွေ ပြန်ပေးကြတာ ရှိတယ် ဆရာရဲ့။ အမျိုးမျိုးပဲ"

နာမည်တွေမှာ ရာဇဝင်တွေလည်း ရှိနေတတ်သည်တဲ့။ အကယ်၍ ကျွန်တော်သာ သည်ဒေသမှာ ကြီးပြင်းခဲ့မည် ဆိုလျှင် ဘယ်မျိုးနွယ်စုထဲမှာ ပါနေမည်ပါလိမ့်။ ပါရာ၊ တန်ကွန်၊ မကူရီ၊ လောင်းဖူးရီ တစ်ခုခုထဲမှာလား၊ သို့မဟုတ် ဆရာမ ပြောသည့်အထဲ မပါခဲ့သော တခြားမျိုးနွယ်စု တစ်ခုထဲမှာလား။ ကျွန်တော့် နာမည်ကကော ကျမ်းစာထဲမှ သူရဲကောင်း တစ်ယောက်ယောက်၏ နာမည်ဖြစ်နေမည်လား၊ သို့တည်းမဟုတ် ကျွန်တော် မမြင်ဖူးလိုက်သော ဘိုးဘေးတစ်ယောက်ယောက်၏ နာမည် ဖြစ်လေမည်လား။ အဆုံးသတ်မှာကော ဘယ်လိုစကားလုံးနှင့် ဆုံးလေမည်လဲ။ မေးခွန်းပေါင်း များစွာနှင့် အတွေးတွေက ရှုပ်ရှုပ်ထွေးထွေး။ ချမိသည့် သက်ပြင်းတို့ကလည်း လေးလေးပင်ပင်။

"ဒါနဲ့ ဆရာမ။ ဆွမ္ဗရာ သွားတဲ့ လမ်းမှာလေ ထင်းရှူးတော ရှိတယ် ဆိုတာ


mgyoe.com

mgyoe.com SAMPLE BOOK

ဝေးလား"

"ထင်းရှူးတောတွေကတော့ အများကြီးပဲ ဆရာ။ ဆွမ္မရာသွားတဲ့ လမ်းပေါ်မှာပဲဆို နှစ်ခုရှိတယ်။ ကူကီးအတက်မှာ တစ်ခု။ ကိုကိုင်လုံနားမှာ တစ်ခု။ ဆရာက ဘယ်တစ်ခုကို ပြောတာလဲ"

ဘယ်တစ်ခု ဖြစ်လေမည်လဲ။ ဖေဖေ ပြောခဲ့သည့် အကြောင်းတွေကို ပြန်စဉ်းစားကြည့်တော့ ထင်းရှူးတောပြီးလျှင် လေရှီးမြို့ကို ရောက်သည်တဲ့။

"လေရှီးနဲ့ နီးတဲ့တစ်ခုပဲ ဖြစ်မယ်။ ကျွန်တော်လည်း သေချာမသိဘူး ဆရာမ"

"လေရှီးနဲ့ နီးတယ် ဆိုရင် ကူကီးအတက်က ထင်းရှူးတော ဖြစ်မယ် ဆရာ။ ကိုကိုင်လုံက ကူကီးကျော်မှ ရောက်မှာ။ ဆရာ သွားချင်လို့လား။ ဒီရက်ပိုင်း မိုးနဲ့ဆိုတော့ လမ်းသိပ်မကောင်းဘူး။ လမ်းကောင်းမှ ဘွေရှီးကို လိုက်ပို့နိုင်းလေ ဆရာ။ သူက ဆိုင်ကယ်စီး ကျွမ်းတယ်"

ဘွေရှီး ဆိုသည်က ကျွန်တော်တို့ဆေးရုံမှ အလုပ်သမားလေး။ သည်လိုဆိုရင်တော့ အဆင်ပြေသား။

"လူနာပါးတဲ့ တစ်ရက်တော့ သွားချင်တယ် ဆရာမ။ လမ်းလည်း ကောင်းမှပါ။ နေ့ချင်းပြန်လို့ကော ရလောက်လား"

"လမ်းကောင်းတဲ့ အချိန်ဆိုရင်တော့ ရပါတယ် ဆရာ။ မနက် စောစောတော့ သွားရမှာပေါ့။ ဒီနားပတ်ဝန်းကျင်တွေလည်း လည်လို့ရတဲ့ နေရာတွေ အများကြီး ရှိတယ် ဆရာ။ နန့်ဝယ်ချောင်းဆို ကြိုးတံတားလည်း ရှိတယ်။ ရေတံခွန်တွေလည်း ပေါ်တယ်။ ကျွန်မတို့ အားတဲ့တစ်ရက် သွားလည်ကြတာပေါ့"

"ကောင်းတာပေါ့ဗျာ။ ဒေသန္တရ ဗဟုသုတလည်း ရတာပေါ့။ ဒါနဲ့ ကျွန်တော် နောက်တစ်ခု ထပ်မေးဦးမယ်။ အမေးအမြန်း ထူလိုက်တာလို့လည်း မထင်နဲ့ဦး"

ကျွန်တော့်စကားကို ကြားတော့ ဆရာမ အက်စတာချောက ရယ်လေသည်။

"မေးပါ ဆရာရဲ့ ရပါတယ်။ ကျွန်မတို့ ဒေသကို စိတ်ဝင်စားတာနဲ့တင် ကျေနပ်လှပါပြီ။ သိချင်တာ မေးသာမေး"

"လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်က ဒီဆေးရုံမှာ တာဝန်ကျသွားတဲ့ သူနာပြု ဆရာမ တစ်ဦးကိုများ သိနိုင်မလားလို့။ သူက ရှမ်းလူမျိုးလို့တော့ ပြောတယ်။


mgyoe.com

နာမည်က မမှတ်မိတော့လို့"

"လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်က ဆိုတော့ ကျွန်မလည်း မသိလောက်ဘူး ဆရာ။ ကျွန်မ ဒီရောက်တာ ခုနစ်နှစ်လောက် ရှိသေးတယ်"

ဆရာမ စကားကို ကြားတော့ ကျွန်တော် စိတ်ဓာတ်ကျသွားသည်။ ကျွန်တော် သိသလောက် သည်ဆေးရုံမှာ လုပ်သက်အကြာဆုံးက ဆရာမ တစ်ယောက်ပဲ ရှိသည် မဟုတ်ပါလား။ သူက မြို့ခံလည်း ဖြစ်သည်မို့ သူ့ထက်တော့ သိနိုင်သူ မရှိလောက်ဟု တွေးမိခဲ့သည်။

"အဲ... ကျွန်မ သတိရပြီ ဆရာ။ ဒီဆေးရုံကနေ အလုပ်ထွက်ထားတဲ့ အလုပ်သမား တစ်ယောက်တော့ ရှိတယ်။ ဒီမြို့ကပဲ။ သူဆိုရင်တော့ သိလောက်တယ်"

မျှော်လင့်ချက်ရောင်နီ သန်းလာပြီ။

"ကျွန်တော် သွားတွေ့လို့ ရမလား မသိဘူးနော်"

"လောလောဆယ်တော့ မရှိဘူး ဆရာ။ လယ်ယာက သူ့သမီးအိမ် သွားနေတာ များတယ်။ တစ်ခါတလေ ပြန်လာတတ်တယ်"

"လယ်ယာကို လိုက်သွားလို့ လွယ်မလား ဆရာမ"

"အခုအချိန်တော့ မလွယ်ဘူး ဆရာရဲ့။ လမ်းတွေက အဆင်မပြေလောက် ဘူး။ ဒီလို လုပ်လိုက်မယ်လေ။ ကျွန်မ သူ့အိမ်ကို မှာထားလိုက်မယ်။ ပြန်လာရင် ဆေးရုံကို လာခဲ့ပါဦးလို့"

မျှော်လင့်ချက်သည် ဝေးသွားလိုက်၊ နီးလာလိုက်။ စိတ်ဓာတ်သည် တက် သွားလိုက်၊ ကျလာလိုက်။ မတတ်နိုင်။ ကောက်ရိုးတစ်မျှင် ဆိုစေဦးတော့ ကျွန်တော် က ဖမ်းဆုပ်ရမည်သာ။

စကားကောင်းနေစဉ်မှာပင် လူနာရောက်လာသဖြင့် စကားလက်စ ပြတ် သွားသည်။ လူနာက နတလကျောင်း (နယ်စပ်ဒေသ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း) မှ ကျောင်းသားတစ်ဦး။ ကျွန်တော် ရောက် လာသည့် အတောအတွင်းမှာ ပြင်ပလူနာအဖြစ် မကြာခဏ ကြည့်ပေးနေရသူမို့ လူနာကိုတော့ ကျွန်တော် မျက်မှန်းတန်းမိနေပြီ။

"ဆားမူ...၊ ရင်ခေါင်း အောင့်လာပြန်ပြီလားဟေ့"

*



mgyoe.com

mgyoe.com SAMPLE BOOK

အပြင်မှာ ရာသီဥတုက မှုန်မှုန်မှိုင်းမှိုင်း။ နေ့ခင်းဆိုပေမယ့် နေရောင်ခြည်ကို ကောင်းစွာ မမြင်ရ။ မြူတွေ အုံ့ဆိုင်းနေသော တောင်ပေါ်ဆောင်းက လွမ်းမောဖွယ်။

ဖေဖေ့ဆီသို့ ဖုန်းဆက်ရန် စိတ်ကူးမိသဖြင့် ဥရုဝေလကုန်းဆီ တက်လာခဲ့သည်။ ကြိုလ်တုဖုန်းလိုင်းက ကျွန်တော့်အခန်းတွင်းမှ ဆိုလျှင် ကောင်းကောင်းမမိ။ ဖုန်းပြောစရာ အကြောင်းရှိလာသည့် အခါတိုင်း နည်းနည်း မြင့်သော နေရာတစ်ခုကို အရင်ရှာရသည်။ ကျွန်တော် အေးအေးဆေးဆေး ပြောချင်သည့် အခါမျိုးဆိုလျှင်တော့ ဥရုဝေလကုန်းသည်သာ အကောင်းဆုံးပင်။

ပထမတစ်ခါ ခေါ်တော့ ဖုန်းက ချက်ချင်း မဝင်။ နောက်တစ်ကြိမ် ထပ်ခေါ်မှ ဝင်သည်။ ဖုန်းမှတစ်ဆင့် ကြားရသော ဖေဖေ့အသံသည် အက်ကွဲကွဲ ရှတတ။ ကျွန်တော် ဖုန်းဆက်သဖြင့် ဖေဖေ ဝမ်းသာနေသည့်ဟန်။ နေကောင်းနေသည် ကြားရတော့ ကျွန်တော် စိတ်ချမ်းသာသွားသည်။ အနီးအနား ကျွန်တော် မရှိသည့် အချိန်တွင် ဖေဖေ တစ်ခုခု ဖြစ်သွားမှာကို စိတ်ပူမိသည်။

"ဆေးလိပ်တွေ သောက်နေသေးလား"

ဟု မေးတော့-

"အများကြီး မသောက်ပါဘူး"

ဟု ဖြေသည်။ မသောက်တော့ဘူးတော့ မဟုတ်။

"ကျွန်တော် မနေ့က အမြွာလေးနှစ်ယောက် ခွဲမွေးပေးလိုက်တယ်"

ဟု ဆိုလျှင်-

"အဆင်ပြေလား"

ဟု ဖေဖေက ပြန်မေးသည်။

"ပြေပါတယ် ဖေဖေ။ အမေရော၊ ကလေးတွေပါ ကျန်းမာကြတယ်။ အမြွာလေး မွေးလို့ လင်မယားနှစ်ယောက်စလုံး ပျော်နေကြတာ"

ကျွန်တော့်စကား ဆုံးလျှင် ဖေဖေ့ဆီမှ သက်ပြင်းချသံ ကြားလိုက်ရသည်။ ဖေဖေ စိတ်မကောင်း ဖြစ်သွားလေသလား။ မစဉ်းမစား ပြောပြီးပါမှ ကျွန်တော် နောင်တ ရသွားသည်။

"သား စုံစမ်းနေတာကော အခြေအနေ ထူးရဲ့လား။ ဘာသဲလွန်စတွေ


mgyoe.com

ရသေးလဲ သား"

ဖေဖေ့မေးခွန်းကို ပြန်ဖြေရန်အတွက် ကျွန်တော် တုံ့တုံ့ဆိုင်းဆိုင်း။ ဘယ်လို ပြန်ဖြေရမည်လဲ ကျွန်တော် မတွေးတတ်။ တစ်လဆိုသော အချိန်အတွင်းမှာ သတင်းတစ်စွန်းတစ်စပဲ ဖြစ်ဖြစ် ပေးနိုင်သင့်သည်။ ဖေဖေ့ကို အားတက်စေချင်သည်။ ကျွန်တော် ကိုယ်တိုင်လည်း အားတက်ချင်မိသည်။ သို့ပေမဲ့ ပြောပြစရာ သဲလွန်စက တစ်ခုမှ ရေရေရာရာ မရှိသေး။

"သား စုံစမ်းနေတုန်းပဲ ဖေဖေ။ ထူးခြားတာ တွေ့တာနဲ့ ဖေဖေ့ဆီကို ဖုန်းပြန်ဆက်လိုက်မယ်။ ဖေဖေလည်း ကျန်းမာရေးကို ဂရုစိုက်ပါ"

"အေးပါ သား။ ဖေဖေ့ဆီကိုလည်း မကြာမကြာ ဆက်ပါဦး။ မင်း ဖုန်းက ဖေဖေ့ဆီကဆို ခေါ်ရခက်လို့"

ဖေဖေ ဖုန်းချသွားချိန်မှာတော့ အတွေးတွေနှင့် ကျွန်တော် ငေးငေးမှိုင်မှိုင်။ ရောက်လိုသော အရပ်ကို ရောက်လာခဲ့ပေမယ့် တွေ့လိုသော သူ၏ သတင်းအစအနကိုဖြင့် ကျွန်တော် မရှာနိုင်သေး။ ဒေသအသစ်နှင့် အကျွမ်းတဝင် ဖြစ်အောင်ကြိုးစားနေရင်းနှင့် အချိန်တွေ ကုန်လာခဲ့သည်။ မျှော်လင့်ချက်က ဝေးနေဆဲပင်။

သိမ့်ဆီကို ဖုန်းဆက်ရန် တွေးမိပေမယ့် လေးနာရီ မထိုးသေးသည်မို့ သိမ့်ဂျူတီ မပြီးလောက်သေး။ မဆက်တော့ရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော် လေရှီးကို လာရမည် ဆိုတော့ သိမ့်နှင့် စေ့စပ်ဖို့ ကိစ္စကို နောက်ဆုတ်ထားခဲ့ရသည်။ တစ်ခုခု ဆိုလျှင် ခေါင်းမာတတ်လွန်းသော ကျွန်တော့်အကြောင်းကို သိနေသူမို့ ကျွန်တော် လေရှီးကို သွားလိမ့်မည်ဟု သိမ့်က မထင်။

သွားဖြစ်မည် ဆိုတော့ အကြီးအကျယ် အံ့ဩနေခဲ့သည်။ သိမ့် မေးလာမည့်မေးခွန်းတွေကို မဖြေချင်သေးသဖြင့် အကျိုးအကြောင်းကို ကျွန်တော် မရှင်းပြဖြစ်ခဲ့သလို သိမ့်ကလည်း အတင်းအကျပ် မမေးလာ။ ကျွန်တော် အလုပ်မထွက်တော့ဘူး ဆိုသည်နှင့်ပင် သူ ပျော်ရန် လုံလောက်နေခဲ့သည်။

သုံးလ...။

ကျွန်တော် လေရှီးမှာ ယာယီတာဝန် ထမ်းဆောင်ရမည့် အချိန်ကာလက သုံးလသာ။ ဤသုံးလအတွင်း ကျွန်တော် တွေ့လိုသူကို တကယ်ကော တွေ့အောင် ရှာနိုင်ပါ့မလား ဆိုသည်က မရေမရာ။ တစ်ခါမှ မမြင်ဖူးရုံမျှမက နာမည်ကိုပင် မသိသော ထိုလူသည် ဤအရပ်ဒေသတွင် တကယ်ကော ရှိနေသေးပါရဲ့လား...။ နောက်ပြီး လူ့လောကမှာကော သက်ရှိထင်ရှားမှ ရှိနေသေးပါရဲ့လား...။



mgyoe.com

mgyoe.com
SAMPLE BOOK

မသေမချာ...။ ဘယ်အရာကမှ ကျွန်တော့်အတွက် မသေချာ။

သေချာသည် တစ်ခုက ကျွန်တော် လေရှူးမှာ ရှိနေသည့် အချိန်အတွင်း ထိုလူကို မဖြစ်မနေ တွေ့အောင် ရှာရမည် ဆိုသည်သာ။

***


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၅ )

"ဖေဖေ ငယ်ငယ်တုန်းက တော်တော်ဆိုးခဲ့တာကွ။ အိမ်မှာက တစ်ဦးတည်းသော သားယောကျ်ားလေးလည်း ဖြစ်၊ အငယ်ဆုံးကလည်း ဖြစ်ပြန်ဆိုတော့ တစ်အိမ်လုံးက ဖူးဖူးမှုတ် ချစ်ကြတာ။ ဆိုးလွန်းတော့ ခြေငြိမ်သွားအောင် ဆိုပြီး မင်းမေမေနဲ့ အိမ်ထောင်ချပေးကြတယ်။ အိမ်ထောင် ကျခါစတော့ ခဏ ငြိမ်လိုက်သေးတယ်။ နောက်တော့လည်း ဒုံရင်း ပြန်ရောက်တာပါပဲ။ နောက် ထိန်းမနိုင် သိမ်းမရ အထိ ဖြစ်လာတော့ မင့်အဘိုးလည်း စိတ်ညစ်တယ် ထင်ပါရဲ့ ဖေဖေ့ကို ရဲထဲ ထည့်လိုက်တော့တာပဲ"

ကျွန်တော် မမွေးခင်အချိန်က ဖေဖေ ရဲဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ဖူးသည် ဆိုရုံက လွဲပြီး ဖေဖေ့နောက်ကြောင်းတွေကို တစ်ခါမှ မမေးခဲ့ဖူးသလို ဖေဖေကလည်း စိတ်လိုလက်ရ တစ်ခါမှ မပြောဖူးခဲ့။ မေမေ မဆုံးခင်ကတော့ ဖေဖေနှင့် စကားများတတ်သည့် အချိန်တိုင်းမှာ ဖေဖေ ဆိုးခဲ့ဖူးသည့် အကြောင်းတွေ တစ်စွန်းတစ်စ ပြောဖူးခဲ့ပေမယ့် များများစားစားတော့ မဟုတ်။ ကျွန်တော် မွေးလာပြီး နောက်ပိုင်းမှ ဖေဖေက တော်တော်လိမ္မာသွားခဲ့တာဟု ချီးမွမ်းခန်း ဖွင့်ဖူးသည်ကိုတော့ အမှတ်ရမိသည်။

"ဖေဖေ ရဲဖြစ်သွားတော့လည်း အရင်လို ဆိုးတုန်းပဲ။ ဝန်ထမ်းအိမ်ရာမှာ



mgyoe.com

mgyoe.com SAMPLE BOOK

ပြောင်းနေရတော့ အိမ်နဲ့လည်း ဝေးသွားတာကိုး။ အရက်ကလည်း စိတ်ကြိုက် သောက်။ စခန်းထဲမှာလည်း ပြဿနာတွေ ခဏခဏတက်။ ရန်ဖြစ်လို့ ထိပ်တုံးခတ်ခံရ တာတို့၊ တာဝန်ချိန်မှာ အရက်မူးနေလို့ မြက်ပေါက်ရတာတို့ကတော့ ဖေဖေ့အတွက် အသေးအဖွဲပေါ့။ တစ်ခါတလေ အချုပ်ခန်းထဲ နှစ်ည၊ သုံးည အိပ်ရတာတောင် ရှိ သေးတယ်။ မင်းအမေနဲ့လည်း တကျက်ကျက်ပေါ့ကွာ"

ကျွန်တော် သိတတ်လာသည့် အရွယ်မှာတော့ ဖေဖေတို့ ရန်ဖြစ်ကြသည် ကို သိပ်မတွေ့ရသလောက်ပင်။ တစ်ခါတစ်ရံ စကားများတတ်ကြပေမယ့် အကြီး အကျယ် ပြဿနာတက်သည်မျိုးကိုတော့ မမြင်ဖူးခဲ့။

"ဖေဖေက ကလေးလိုချင်နေပြီ။ မင်း ဘိုးဘိုးတို့ကလည်း မြေး ချီချင်ပြီ။ ခက်တာက မင်းမေမေက ဘယ်လိုမှ ကလေး မရဘူး။ ဆရာဝန်နဲ့လည်း ပြတယ်။ နတ်တင်တာတွေ၊ ဗေဒင်မေးတာတွေလည်း စုံနေတာပဲ။ ဟိုဆရာ ကောင်းတယ် ပြောရင် ပြေးပြလိုက်၊ ဒီဆရာ ကောင်းတယ် ကြားရင် ပြေးပြလိုက်နဲ့။ နောက်တော့ လည်း ဒီအတိုင်း ဒီအတိုင်းပဲ။ ကလေးက မရလာဘူး။ ဖေဖေတို့လည်း မရလေ လို ချင်လေ။ ဗျာများရတာပေါ့ကွာ"

ကျွန်တော် ငယ်စဉ်က မေမေ့ကို ညီလေး ဖြစ်ဖြစ်၊ ညီမလေး ဖြစ်ဖြစ် တစ်ယောက်လောက် ထပ်မွေးပေးပါ တောင်းဆိုတော့ မေမေက အသည်းအသန် ငြင်းခဲ့သည်။ ကျွန်တော် တစ်ယောက်နှင့်ပင် သူ ပင်ပန်းလှပြီ၊ နောက်ထပ် ကလေး မလိုချင်တော့... တဲ့။ ကျွန်တော့်ကို မွေးမလာခင်က အသည်းအသန် ကြိုးစားခဲ့ကြ ပေမယ့် ကျွန်တော် မွေးလာပြီး နောက်ပိုင်းမှာ ကလေးထပ်ယူရန် စိတ်ကုန်သွားခဲ့ပြီ ဟု မေမေ ပြောဖူးသည်။

"တစ်ရက်တော့ ဖေဖေ ပြဿနာ အကြီးကြီးတစ်ခု တက်တယ်။ ဖေဖေ့ အထက်လူကြီးကို လက်သီးနဲ့ ထိုးလိုက်မိတာ။ ဖေဖေက မူးလာရင် သွေးဆိုးတတ် တော့ သတိလွတ်သွားတာပေါ့ကွာ။ အမှုတွေ ဘာတွေလည်း ဖြစ်လိုက်သေးတယ်။ မင်းအဘိုးတို့ ကောင်းမှုနဲ့ ထောင်တော့ မကျလိုက်ဘူး။ ဒါပေမဲ့ အဲဒီပြဿနာနဲ့ပဲ သွားရော့လေဟယ် ဆိုပြီး အဝေးပို့တော့တာပဲ။ ဝေးတာမှ တော်တော့်ကို ဝေးတာ။ အိန္ဒိယနယ်စပ်နားက ဆွမ္မရာတဲ့။ အိန္ဒိယနဲ့ဆို တော်တော်တောင် နီးနေပြီ။ လှမ်း ကြည့်ရင် မြင်နေရတယ်"

ဆွမ္မရာ။ သည်နာမည်ကို ကြားဖူးသလိုလို။

"ဆွမ္မရာဘွမ် မဟုတ်ဘူးလား ဖေဖေ"


mgyoe.com

"မဟုတ်ဘူးကွ။ ဆွမ္ဗရာဘွမ်က ကချင်ပြည်နယ်။ ဖေဖေ ပြောတဲ့ ဆွမ္ဗရာက လေရှီးမြို့နယ်ထဲက ရွာကလေး။ စစ်ကိုင်းတိုင်းထဲကပဲ"

လေရှီးမြို့နယ်ထဲက ရွာကလေး။ လေရှီး ဆိုသည်က ယာယီတာဝန်ကိစ္စအတွက် ကျွန်တော်နှင့် ဦးကြင်ဖား ပြဿနာတက်ရသော မြို့။ ဦးကြင်ဖား ကျွန်တော့်ကို အတင်းပို့နေသော မြို့။ ဖေဖေက သည်မြို့လေးကို ရောက်ဖူးသည်ပေါ့။

"မင်းမေမေကလည်း သူ တားနေတဲ့ကြားက ဖြစ်ရကောင်းလား ဆိုပြီး စိတ်ဆိုးဆိုးနဲ့ အိမ်ပြန်သွားတယ်။ မင်းအဘိုးတို့ကလည်း ဖေဖေ့ကို သိပ်မကြည်ကြတော့ဘူး။ အမှုပိတ်ဖို့အတွက် ငွေက သောက်သောက်လဲ ကုန်လိုက်တာကိုး။ ဖေဖေလည်း ပေါက်တဲ့နယ်ဖူး မထူးဘူး၊ ပို့မှတော့ သွားမယ် ဆိုပြီး ဆွမ္ဗရာကို မရောက်ရောက်အောင် သွားတာပဲ။ လူငယ် ဆိုတော့ ဂျစ်တစ်တစ်စိတ်လည်း ပါတာပေါ့ကွာ"

ဖေဖေ ဆိုးသည်ဟု ကြားဖူးခဲ့ပေမယ့် သည်လောက်အထိ ပေလွန်း၊ တေလွန်းမည်ဟုတော့ မထင်မိခဲ့။ ကျွန်တော့်ဘဝ တစ်လျှောက်လုံး ဖေဖေ ဆိုးသည်ကို မမြင်ဖူးလေတော့ ယုံတမ်းစကားဟုတောင် သတ်မှတ်ရမလိုလို။

"ဆွမ္ဗရာကလည်း တော်တော့်ကို ဝေးတာကိုးကွ။ သွားရတာလည်း တစ်ဆင့်ပြီး တစ်ဆင့်။ မုံရွာကနေ ထမံသီထိ ရောက်အောင်ကို တစ်ပတ်လောက် သင်္ဘောစီးရတယ်။ ဒါတောင် ရေကြောင်းကောင်းတဲ့ အချိန်မို့နော်။ ရေကျနေတဲ့ အချိန်ဆို တော်တော်နဲ့ကို မရောက်နိုင်ဘူး။ ထမံသီကနေ လေရှီးအထိက ကားလမ်း မရှိဘူး။ တစ်တောင်တက် တစ်တောင်ဆင်း ခြေကျင်သွားရတာကိုက နှစ်ညအိပ် ခရီး။ နောက် လေရှီးကနေ ဆွမ္ဗရာ ရောက်ဖို့က သုံးရက်လောက် ထပ်လျှောက်ရသေးတယ်"

ထမံသီ…။ စိတ်ထဲမှာ ရင်းနှီးနေသော နေရာတစ်ခု။ ကျွန်တော် မှတ်မိပြီ။ ထမံသီတောထဲမှ လူသားကျားတွေအကြောင်း စာအုပ်တွေထဲမှာ ဖတ်ဖူးသည်။

"ရောက်ခါစကတော့ အတော် ပျော်စရာ ကောင်းတယ်ကွ။ ဖေဖေ မှတ်မိနေသေးတယ်။ ပတ်ပတ်လည်မှာ တောင်တွေ တသီတတန်းနဲ့။ တိမ်တွေဆို ဖေဖေတို့နေတဲ့ အခန်းတွေထဲထိ ဝင်လာတာ။ မျက်နှာပေါ်ကို ဖြတ်နေတာမျိုး။ ရာသီဥတုက အင်မတန် အေးတာမှ အလုပ်ကလည်း ပြောလောက်အောင် မရှိဆိုတော့ အနေအထားကတော့ ဖေဖေ့အကြိုက်ပေါ့ကွာ။ ခေါင်ရည်ကလည်း ပေါမှ ပေါကိုး။ ကြိုက်သလောက် သောက်၊ ကြိုက်သလောက် မူး။ ဆူမယ့် ပြောမယ့်သူ မရှိဘူး"

ဖေဖေ့ငယ်ဘဝ အကြောင်းတွေနောက် လိုက်မျောနေရင်းနှင့် လက်ရှိ


mgyoe.com

mgyoe.com SAMPLE BOOK
ပြဿနာကိုတောင် ကျွန်တော် မေ့လျော့သွားသည်။ ဖေဖေက မောသွားလေသည် လား၊ အတိတ်ကို ပြန်မြင်ယောင်ပြီး လွမ်းသွားလေသည်လား မသိ။ တော်တော်နှင့် စကား ဆက်မလာ။

"တစ်ပတ်၊ နှစ်ပတ်ကနေ တစ်လ၊ နှစ်လလောက်လည်း ရောက်ရော ဖေဖေ မပျော်တော့ဘူး။ အိမ်ကို လွမ်းလာတယ်။ အခါတိုင်းက ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်မိသားစု ပတ်ဝန်းကျင်မှာ ဆိုးနေရတာမျိုး ဆိုတော့ တစ်ခုခုဆို နောက်ကနေ လိုက်ဖြေရှင်းပေးမယ့် လူတွေက အဆင်သင့်။ ဘယ်လောက်ဆိုးဆိုး ဖေဖေ့စိတ်ထဲ ပြင်ရကောင်းမှန်း မသိခဲ့ဘူး။ အဲ... သူတို့နဲ့လည်း ဝေးသွားရော၊ ဖေဖေ့ခမျာ ဆိုးခွင့် ရတာတောင် မဆိုးနိုင်တော့ဘူး။ တားမယ့်သူ မရှိတော့ ကိုယ့်ဘာသာ အမြင်မှန် ရသွားတဲ့ အချိန်ပေါ့ကွာ။ တောင်တွေပေါ်မှာ မိုးတွေ ညို့လာရင်လည်း ငိုချင်တယ်။ တိမ်တွေ အခန်းထဲ ဝင်လာရင်လည်း ငိုချင်တယ်။ တောင်ယာမီးရှို့တဲ့ မီးခိုးတွေ မြင်ရင်လည်း ငိုချင်တယ်။ ဘာမြင်မြင် ငိုချင်နေတာမျိုးပဲ။ သား ယုံမလား မသိဘူး။ ဖေဖေ တကယ် ငိုခဲ့ဖူးတယ်။ အိမ်ကို လွမ်းလွန်းလို့"

ဖေဖေ့အလွမ်းတွေကို နားထောင်နေရင်း ကျွန်တော် သဘောတကျ ပြုံးမိသည်။ နောင်တတွေနှင့် လွမ်းနေသူကြီးပေါ့။ သည်အလွမ်းတွေက ဖေဖေ လိမ္မာသွားစေခဲ့သော အကြောင်းရင်း ဖြစ်လေမည်လား...။

"မေမေ့ကိုကော မလွမ်းဘူးလား"

ကျွန်တော်က စတော့ ဖေဖေ ပြုံးလေသည်။

"မင့်မေမေကတော့ အလွမ်းဆုံးရဲ့ ရှေ့မှာပေါ့ သားရယ်။ ဝမ်းရှေ့က ဝုန်းပေါ့"

ကျွန်တော် ရယ်မိပြီ။

*

"ဖေဖေ တကယ်တာဝန်ကျတာကတော့ နှစ်နှစ်ပဲ။ ဒါပေမဲ့ တစ်နှစ်လောက် နေတော့ ဖေဖေ့အထက်လူကြီးက ပြန်ခွင့်ပေးလိုက်တယ်။ မပြန်ခိုင်းလို့လည်း မရ တော့ဘူး။ ဖေဖေက အရက်တွေချည်း လိုမ့်သောက်၊ မူးလာရင် အိမ်ပြန်ချင်တယ် ဆိုပြီး ငိုနေတာကိုး။ ပြန်ရမယ် ဆိုတဲ့ အသံကြားတော့ ပျော်လွန်းလို့ ဘယ်နှကြိမ်


mgyoe.com

mgyoe.com
ထိုင်ကန်တော့နေမိလဲတောင် မသိတော့ဘူး။ ချက်ချင်း အထုပ်ပြင်တော့တာပဲ"

အလွမ်းသမားကြီး၏ အိမ်ပြန်ခရီး။ ဖေဖေ ဘယ်လောက်တောင် စိတ်လှုပ်ရှားနေခဲ့မလဲ။ အိမ်ပြန်ရန်အတွက် အထုပ်အပိုး ပြင်ဆင်နေမည့် ဖေဖေ့ပုံစံကို မြင်ယောင်ကြည့်မိတော့ ကျွန်တော့်ကိုပါ အပျော်တွေ ကူးစက်လာသယောင်။ ကျွန်တော်သိသလောက်တော့ ထိုဒေသက ပြန်လာပြီး နောက်ပိုင်း ဖေဖေ လုံးဝ လိမ္မာသွားခဲ့သဖြင့် အဘိုးကတောင် အံ့ဩယူရသည်တဲ့။

"ဖေဖေရယ်၊ ဖေဖေနဲ့အတူ တာဝန်ကျတဲ့ တပ်ကြပ်ကြီး တစ်ယောက်ရယ် အတူတူ ပြန်လာခဲ့ကြတယ်။ ပထမတစ်ရက်ကတော့ မိုးကင်းလေကင်းပဲ။ နောက်ရက် ရောက်မှ မိုးတွေ မိကြတာ။ ပြန်ချင်ဇောက သန်နေတော့ မိုးရွာထဲလည်း လျှောက်ကြတာပဲ။ မှတ်မှတ်ရရ ထင်းရှူးတောကြီး တစ်ခုကျော်တော့ ဖေဖေတို့ မျက်စိလည်ပြီး လမ်းမှားသွားတယ်။ ထင်းရှူးတောကျော်ရင် ချောင်းရှိတယ် မှတ်ထားတာ။ ဒါပေမဲ့ ချောင်းက တော်တော်နဲ့ ရှာမတွေ့ဘူး။ မိုးတွေကလည်း ဆက်တိုက်ရွာ။ ဖေဖေတို့လည်း တောထဲမှာ တလည်လည်နဲ့ပေါ့။ လမ်းရှာရင်း ရှာရင်းနဲ့ တောင်ယာတဲလေးတစ်လုံး ဘွားခနဲ တွေ့တော့ ဖေဖေတို့မှာ ပျော်လိုက်ရတာ။ မှတ်မိပါသေးရဲ့ မီးခိုလေးတွေက တအူအူ ထွက်လို့..."

တောကြီးမျက်မည်းထဲမှာ တောကောင်တွေနှင့် ထိပ်တိုက် ရင်ဆိုင်ရသည့် အဖြစ်အပျက်မျိုး ကြားရလေမလား မျှော်လင့်နေရာမှ တောင်ယာတဲတစ်လုံး တွေ့သည် ဆိုတော့ သက်ပြင်းချမိသည်။ ဤသို့ဆိုလျှင် ဖေဖေ ဆက်ပြောမည့် အကြောင်းတွေက ရင်ခုန်စရာ ကောင်းမည် မထင်။ မှန်းချက်နှင့် နှမ်းထွက်က မကိုက်။

"ဖေဖေတို့ ရောက်သွားတဲ့အချိန် တဲထဲက ကလေးငိုသံ ကြားရတယ်။ ဖေဖေတို့လည်း လူရှိတာ သေချာပြီ ဆိုပြီး ဝမ်းသာသွားကြတာပေါ့။ ဒါပေမဲ့ တကယ်ရောက်သွားတော့ မွေးခါစကလေးလေး နှစ်ယောက်ပဲ တွေ့တယ်။ တခြား သက်ရှိဆိုလို့ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ မတွေ့ဘူး"

သည်တစ်ခါတော့ သေချာပြီ။ မုဆိုးဝတ္ထုတွေထဲမှာ မကြာခဏ ပါတတ်သည်မို့ ဖေဖေတို့ ဘာဖြစ်နေပြီ ဆိုသည်ကို ကျွန်တော် မှန်းဆမိပြီ။

"ဖေဖေတို့ တောခြောက်ခံရတာ မဟုတ်လား"

ပိုင်ပြီ အထင်နှင့် ပျော်ပျော်ကြီး မေးလိုက်ပေမယ့် ဖေဖေ ခေါင်းခါပြလျှင် ကျွန်တော် မချင့်မရဲ ဖြစ်သွားသည်။ ဤသို့ဆိုလျှင် ဘာဆက်ဖြစ်လေမလဲ။

ဖေဖေ ပြောလာမည့် စကားတွေကို စိတ်ဝင်တစား စောင့်နေမိပေမယ့်


mgyoe.com

mgyoe.com SAMPLE BOOK
ဖေဖေက တော်တော်နှင့် စကားဆက်မလာ။

ရုတ်တရက် ကျွန်တော့်ကို စိုက်ကြည့်လာသော ဖေဖေ့မျက်ဝန်းတွေက ဝမ်းနည်းရိပ်တွေ စွက်နေသည့်အလား၊ ရုတ်ချည်း မှိုင်းကျသွားသယောင်။ ထူးဆန်းသော အကြည့်ကြောင့် ကျွန်တော် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မဟုတ်ဘူး သား။ ဖေဖေတို့ တောခြောက်ခံရတာ မဟုတ်ဘူး"

ဖေဖေ့စကားသံက လေးလေးပင်ပင်။ ဖေဖေ ဘာဖြစ်သွားပါလိမ့်...။

နောက်ထပ် စီးကရက်တစ်လိပ် မီးညှိနေသည်ကို မြင်လိုက်ပေမယ့် ကျွန်တော် မတားလိုက်မိတော့။

* * *


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၆ )

"ဆရာ ခုန်မချနဲ့နော်။ ကြောက်လည်း မကြောက်နဲ့၊ ဘာမှ မဖြစ်စေရဘူး။ ဒီလမ်းက ကျွန်တော် စီးနေကျ။ ပြောမရလို့ ခုန်ချမယ် ဆိုရင်လည်း ဘေးကို ခုန်ချ။ နောက်တည့်တည့်မှာ မခုန်ချနဲ့။ ဆိုင်ကယ် ပြန်လိမ့်လာတတ်တယ်"

ခရီး စထွက်ပြီ ဆိုကတည်းက တပည့်ကျော် ဘွေရှီးက ကျွန်တော့်ကို စိတ်ပူလေဟန်ဖြင့် တတွတ်တွတ် မှာလေသည်။ 'ပြောမရလို့ ခုန်ချမယ် ဆိုရင်'က ပါသေးရဲ့...။ တောင်ပေါ်သားနှင့် ကျွန်တော်တော့ တွေ့ကြလေပြီ။ ကျွန်တော် ခုန်မချပါဟု အတန်တန် ကတိပေးလေမှ စိတ်ချသွားသည့်ဟန်။

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် မနက်စောစောမှာ ဆိုင်ကယ် တစ်စီးဖြင့် ခရီးထွက်လာကြခြင်းပင်။ စောသည် ဆိုပေမယ့် မြူကွဲအောင် စောင့်နေရသေးသည်မို့ တကယ်တမ်း ထွက်လာတော့ ရှစ်နာရီ ကျော်ခဲ့ပြီ။ လမ်းတစ်လျှောက်မှာ တိုက်ခတ်လာသော လေက ကျောက်ခဲလုမတတ် အေးလွန်းလှသည်။ အထပ်ထပ် ဝတ်ထားသော အနွေးထည်တွေကိုတောင် ဖောက်ဝင်နေသည့်အလား။ နားနှစ်ဖက်ကို လုံအောင် အုပ်ထားလင့်ကစား နားတို့က အူချင်ချင်။ အသံတွေကို ကောင်းစွာ မကြားရ။

စထွက်သည့် အချိန်မှာ လမ်းက ပြေမယောင်ပေမယ့် သိပ်မကြာခင်မှာပင်



mgyoe.com

mgyoe.com SAMPLE BOOK
တဖြည်းဖြည်း ကြမ်းလာခဲ့ပြီ။ တချို့နေရာတွေမှာ မြေပြိုထားသည်မို့ ဆိုင်ကယ်တစ်စီးစာ အတွက်တောင် ခက်ချင်ချင်။ တစ်ဖက်က မြေပြိုထားသော တောင်စောင်း၊ နောက်တစ်ဖက်က ဘယ်လောက်နက်မည်ကို မခန့်မှန်းနိုင်လောက်သော ချောက်တွေ။ သည်အနေအထား နှစ်ခုကို မြင်တိုင်း ဆိုင်ကယ် ရပ်ခိုင်းပြီး လမ်းဆင်းလျှောက်မိသည်က ခဏခဏ။ ကျွန်တော့် ကြောက်စိတ်ကို မြင်လေတော့ ဘွေရှီးက ရယ်လေသည်။ ကျွန်တော်ကသာ ကြောက်ကြောက်နှင့် လမ်းဆင်းလျှောက်ပေမယ့် သူကတော့ ဆင်းတွန်းရသည် မရှိသလောက်။ ဖွက်ထူထူ လမ်းကျဉ်းကျဉ်းလေးကိုပင် ခြေထောက် နှစ်ချောင်းကို တစ်လှည့်စီ ထောက်ရင်း ကျွမ်းကျွမ်းကျင်ကျင် စီးသွားသော ဘွေရှီးကို ကြည့်မိတိုင်း ကျွန်တော် အသည်း တယားယား။

"သည်လောက်ကတော့ အေးဆေးပါ ဆရာရဲ့။ တကယ့်ဗွက်တောထဲ ဆိုရင် တာယာကို ချိန်းကြိုးပတ်ပြီးတောင် စီးရသေးတာ"

ချီးကျူးမိပါရဲ့ မောင်ဘွေရှီး။ တဖြည်းဖြည်းနှင့်တော့ ဘွေရှီး၏ ဆိုင်ကယ်စီးကျွမ်းကျင်မှုအပေါ် ယုံကြည်စိတ်ချစိတ် တိုးလာသည်။ ခဏခဏ မဆင်းဖြစ်တော့။ ကျွန်တော် တက်လိုက်ဆင်းလိုက် လုပ်နေလျှင်လည်း ခရီးက တွင်တော့မည် မဟုတ်။ သို့ပေမဲ့ လမ်းကွေ့တွေ ရောက်လျှင်တော့ ကျောချမ်းနေသေးသည်။

ထမံသီမှ လေရှီးသို့ တက်လာစဉ်ကလည်း တောင်ပတ်လမ်းကွေ့တွေ မြင်တိုင်း ကားတံခါးပေါင်ကို ခပ်တင်းတင်း ဆုတ်ကိုင်မိတတ်သည်အထိ၊ တစ်ခါတလေ မျက်စိကို စုံမှိတ်ထားမိသည်အထိ အကြောက်လွန်နေခဲ့တာမျိုး။ ရှေ့မှ မြင်ကွင်းတွေ အကုန်ပျောက်ထွက်သွားပြီး လဟာပြင်ကြီးသာ မြင်နေရတတ်သည့် တစ်ဆစ်ချိုး အကွေ့တွေ ရောက်လျှင် ကျွန်တော် ဘုရား တနေခဲ့ရသည်။ တိမ်စိုင်တွေထဲ လွင့်မျောသွားတော့လေမည်လား စိုးတထိတ်ထိတ်။ မြန်မာစကား နားမလည်သည့် နာဂ ဒရိုင်ဘာဘေးမှာ ထိုင်ပြီး ဘုရားစာတွေကို ကြောက်လန့်တကြား ရွတ်နေခဲ့ရသော ကျွန်တော့်အဖြစ်က ပြန်တွေးမိတိုင်း ပြုံးချင်စရာ။

ယခုက ဆိုင်ကယ်နှင့်ဆိုတော့ ကြောက်အား ပိုလာသည့် အခါတိုင်း ဆိုင်ကယ်ထိုင်ခုံကိုသာ တင်းတင်း ဆုပ်ကိုင်ထားရသည်။ ခရီးမထွက်ခင်ကတည်းက တပည့်ကျော်က အားပေးထားသည်။ သည်လမ်း အတက်အဆင်းတွေက ထမံသီ-လေရှီးလမ်းထက် ပိုကြမ်းသည်... တဲ့။ စမိမှတော့ ဆက်ကြရုံသာ။

တချို့ အတက်အဆင်းတွေက သိပ်မသာပေမယ့် တချို့နေရာတွေက အင်မတန် မတ်သည်။ လမ်းတစ်လျှောက် အသည်းယားဆုံး နေရာက ကူကီးအတက်


mgyoe.com

mgyoe.com SAMPLE BOOK

လမ်း။ ခြောက်ဆယ်ဒီဂရီနီးပါးခန့် မတ်စောက်နေသော ကူကီးအတက်လမ်းကို အဝေးမှ လှမ်းမြင်လိုက်ရကတည်းက ကျွန်တော် ရင်ထိတ်ရပြီ။ မပြောကောင်း၊ မဆိုကောင်း ဆိုင်ကယ်သာ နောက်ပြန်လိမ့်ကျလိုက်လျှင်တော့ ချောက်တွေထဲမှာ အလောင်းတောင် ပြန်မြင်နိုင်ရန် မလွယ်။ ဘွေရှီး၏ ဆိုင်ကယ်စီးစကေးအပေါ် အသက်ကို ပုံအပ်ထားရတော့မည်။

"ဖြစ်ပါ့မလား ဘွေရှီး"

"ဖြစ်ပါတယ် ဆရာရဲ့။ မကြောက်သေးနဲ့။ နောက်တစ်ကွေ့က ဒီထက်မတ်တယ်"

ဘွေရှီး၏ အားပေးစကား အဆုံးမှာ ကျွန်တော် ဘုရား တရပြီ။ သံဗုဒ္ဓေသည် ဘယ်က စပါလိမ့်။

*

"လှလိုက်တာကွာ"

ပါးစပ်မှ ထုတ်ဖော်ညည်းညူရုံနှင့် လုံလောက်သည် မထင်မိလောက်အောင် လှနိုင်ရက်သော မြင်ကွင်းတွေ။ လာရသည့်ခရီးနှင့် တန်လိုက်တာဟု တွေးမိသည် အထိ။ တောက အုံ့အုံ့ဆိုင်းဆိုင်း။ ထင်းရှူးပင်တွေသာမက ကညင်နှင့် တခြားအပင်တွေလည်း တွေ့ရသည်။ သစ်တောအုပ်ကို ဖြတ်တိုက်လာသော လေပြည်ကလည်း အေးမြမြနှင့် လတ်ဆတ်လှပါဘိ။

ထင်းရှူးပင်တွေမှာ ကပ်ပေါက်နေသော သစ်ခွအရောင်စုံတွေကို မြင်ရလေလျှင် ကျွန်တော် တမေ့တမြော ငေးမိလေပြီ။ တချို့က ခရမ်းရောင်၊ တချို့က အနီရောင်၊ တချို့က မှိုင်းပြာရောင်။ အမျိုးအမည်ကိုတော့ ကျွန်တော်လည်း မခွဲခြားတတ်။ ဘွေရှီးကို အကူအညီ တောင်းကြည့်လျှင် ဘေရှီးက ခေါင်းယမ်းလေသည်။ ကျွန်တော်လည်း မိုးလုံးမှိုင်း တစ်ခုပဲ သိတယ်တဲ့။

"ဆရာက အခုမှ မြင်ဖူးလို့။ ကျွန်တော်က ခဏခဏ မြင်နေရတာ ဆိုတော့ မျက်စိထဲ မတိုးတော့ဘူး။ ကိုကိုင်လုံဘက်လည်း ထင်းရှူးတော ရှိသေးတယ် ဆရာ။ ဒါပေမဲ့ သူက ဒီလောက် အပင် မများဘူး"

မြင်ရဖန်များ၍ ဘွေရှီးအတွက် ရိုးသွားပေမယ့် ကျွန်တော်ကတော့ သစ်


mgyoe.com

mgyoe.com SAMPLE BOOK

တော သစ်အုပ်နှင့် ဝေးသော မြေပြန့်သားမို့ မမောနိုင် မပန်းနိုင် ငေးကြည့်နေမိသည်။ သိမ့်သာ ပါလာလျှင်တော့ သစ်ခွပန်းတွေကို ဘယ်လောက်တောင် လိုချင်နေလိမ့်မည်လဲ။ ကလေးတစ်ယောက်လို ခုန်ပေါက်မြူးတူးနေမည့် သိမ့်ကို မြင်ယောင်မိတော့ အလွမ်းတွေက ဝေ့လာသလိုလို။

"တောင်ဇလပ်ပင်တွေက ဟိုဘက်မှာ ဆရာ။ အခုအချိန်တော့ မပွင့်သေးဘူး။ တစ်လပိုင်း အကုန်၊ နှစ်လပိုင်းလောက်မှ ပွင့်ကြမှာ။ ပွင့်တဲ့ အချိန်ဆို တစ်ပင်လုံး နီရဲနေတာ။ တော်တော်လှတယ်"

တောင်စောင်းမှ ထိုးထွက်နေသော အပင် ရှည်မြောမြောတွေကို အဝေးမှ လှမ်းကြည့်မိသည်။ ခါတ်ပုံတွေထဲမှာ မြင်ဖူးသော တောင်ဇလပ်ပင်တွေက သည်လောက် မမြင့်။ ယခု အပင်တွေကတော့ မိုးထိုးနေသယောင်။ အပွင့် မမြင်ရသည်မို့ မချင့်မရဲ။ ဆရာ သွားကြည့်ချင်သေးလား မေးလာတော့ ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။

ထင်းရှူးတောကို ပတ်ဖောက်ထားသော တောင်ပတ်လမ်းလေးက နည်းနည်းတော့ ပြေသည်။ ကျွန်တော် စိတ်အေးလက်အေး ကြည့်နိုင်အောင် ဘွေရှီးက ဆိုင်ကယ်ကို လမ်းဘေးမှာ ရပ်ထားပေးသည်။

"ဒါတွေက အစိုးရက ထိန်းသိမ်းပေးထားတာလား ဘွေရှီး"

"တချို့က ကျေးရွာဘုံပိုင်စနစ်နဲ့ စိုက်ထားကြတာ ဆရာ။ အများစုက ကိုယ်ပိုင်တောတွေ။ ရွာက လူတွေပဲ ကိုယ့်ဘာသာ စိုက်၊ ကိုယ့်ဘာသာ ထိန်းသိမ်းကြတာ များတယ်။ သားတွေ အိမ်ထောင်ကျခဲ့ရင် အမွေပေးနိုင်အောင်လို့ စိုက်ထားရတယ်လေ"

သားတွေကို အမွေပေးရအောင်တဲ့။ အကယ်၍ ကျွန်တော်သာ သည်ဒေသမှာ ကြီးပြင်းခွင့် ရခဲ့မည် ဆိုလျှင် ယခုအချိန်ဆို ထင်းရှူးတော တစ်အုပ်လောက် ပိုင်ဆိုင်နေလိမ့်မည်လား...။

"မင်းကော အမွေ မရဘူးလား ဘွေရှီး"

"ရတယ်လေ ဆရာ။ ကျွန်တော့်မှာ အိမ်ရော၊ တောင်ယာရော အပိုင်ရှိတယ်။ ကျွန်တော်တို့က မိသားစုများတော့ တောင်ယာက သေးသေးပေါ့။ ကျွန်တော်တို့ဆီက ဆရာတို့ဆီလို မဟုတ်ဘူး။ အိမ်ထောင်ပြုလိုက်တာနဲ့ အမွေက တန်းရတာ။ သားက အိမ်ထောင်ပြုလိုက်တာနဲ့ အဖေ၊ အမေက အိမ်ပေါ်က ဆင်းပေးရတာ"

အမွေ ပေးပုံကလည်း ထူးဆန်းလှချည့်။ သား အိမ်ထောင်ပြုလျှင် အဖေ၊


mgyoe.com

mgyoe.com

အမေက ဆင်းပေးရသည်... တဲ့။ တစ်ခါမှ မကြားဖူးသည့်မို့ အံ့သြသွားသည်။

"အဲဒီတော့ သူတို့က ဘယ်သွားနေကြတာလဲ"

ကျွန်တော် စိတ်ဝင်တစား မေးလိုက်တော့ ဘေရှီးက ပြုံးလေသည်။

"သားတွေ မွေးထားရင် မွေးထားသလောက် အမွေပေးနိုင်အောင် ကြိုစုထားရတယ်လေ။ နှစ်ယောက် မွေးထားရင် အိမ်သုံးလုံး၊ တောသုံးတော၊ သုံးယောက် မွေးထားရင် အိမ်လေးလုံး၊ တောလေးတောပေ့ါ ဆရာ။ သား အိမ်ထောင်ကျသွားရင် အဖေအမေတွေက ဆင်းပေးပြီး နောက်တစ်အိမ် ပြောင်းနေကြတယ်။ တစ်ယောက်ကျသွားတိုင်း တစ်အိမ်ပြောင်းပေ့ါ။ တချို့တွေကျလည်း အဖေအမေက မပြောင်းဘဲ အိမ်အသစ်ကိုပဲ သားကို ပေးလိုက်တာလည်း ရှိတယ်"

ဤသို့ဆိုလျှင် သားတွေ အရွယ်မရောက်ခင်ကတည်းက အမွေကိစ္စအတွက် ကြိုကြိုတင်တင် ပြင်ဆင်ထားရသည်မျိုးပေ့ါ။ တမူထူးခြားပေမယ့် အတွေးအခေါ်က ကောင်းလှချည့်။

"သမီးတွေကျတော့ မပေးဘူးပေ့ါ"

"မပေးဘူး ဆရာ။ သူတို့တွေက အိမ်ထောင်ကျသွားရင် ယောကျ်ားဘက်က အမွေ ပါလာမှာပဲလေ။ အဲဒီတော့ ပေးဖို့ မလိုတော့ဘူး"

သူ့ဒေသ၊ သူ့ထုံးစံ၊ သူ့ဓလေ့နှင့် သူ့အစဉ်အလာ။ မတရားသည် ဟုတော့ ဝေဖန်စရာ မရှိ။ သို့ပေမဲ့ ကျွန်တော့်စိတ်ထဲ ကတ်သီးကတ်သတ် အတွေးတစ်ခု ရှိလာသည်။

"သမီးက အိမ်ထောင် မပြုရင်ကော ဘယ်လိုလုပ်မလဲ"

"အဲဒါဆိုရင်တော့ အစ်ကိုတွေ မောင်တွေက သူ မသေမချင်း စောင့်ရှောက်ပေးရတယ်"

"သြော်..."

မောင်နှင့်နှမ အပြန်အလှန် စောင့်ရှောက်မှုမျိုး။ သည်လိုဆိုတော့ မဆိုးပြန်။

ကျွန်တော့်မှာကော မွေးချင်း ဘယ်နှယောက် ရှိလေမလဲ။ လေးယောက်လား...၊ ငါးယောက်လား...။ ဒါမှမဟုတ် ထို့ထက် များနေမလား...။ ကျွန်တော် အမွေရနိုင်မည့် အိမ်နှင့် တောက ဘယ်အရပ်ဒေသမှာ ရှိလေသလဲ။

မလိုချင်၍ စွန့်ပစ်ခဲ့ပါမှ အမွေ ပေးချင်လိုစိတ်ကော ရှိနိုင်ပါ့မည်လား...။

စိတ်ကူးထဲမှ တသီတတန်း မေးခွန်းတွေနှင့်အတူ ကျွန်တော့် အတွေးက



mgyoe.com